ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ကဆုန်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (6-5-2004) (၄၂၂၅)

ယနေ့ထုတ်စောင်ရေ ၁၉၆၀၀၈

ကတညုတာ တော် မင်္ဂလ မုတ္တမံ — သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျေးလက်ဒေသနေ ပြည်သူများ၏ သဘောထားနှင့် လိုလားချက်များကို သိရှိအောင်လေ့လာ ပြည်သူများ၏ လေးစားအားကိုးမှုရရှိအောင် ပြည်သူများနှင့် တစ်သားတည်း ကျင့်ကြံအားထုတ် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး မှန်ကန်သောဦးဆောင်မှုဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိုးမိတ်မြို့ခန်းမတွင် မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၄ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီခွဲတွင် မန္တလေးတိုင်း တံတားဦးမြို့နယ် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့သို့ရောက်ရှိရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျောက်မဲခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုးမိတ်မြို့ခန်းမ၌ မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၆–၅–၂၀၀၄
(ကြာသပတေးနေ့)

အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေးစွမ်းဆောင်

မြန်မာနိုင်ငံသည် ရေးနှစ်ပေါင်းထောင်ချီ၍ ယဉ်ကျေးမှုဖြစ်တည်ထွန်းကားလာသော နိုင်ငံဖြစ်သည်။ အမျိုးသားယဉ်ကျေးမှုဓလေ့စရိုက်များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော နိုင်ငံအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားကြသည်။

ယဉ်ကျေးသောနိုင်ငံ၊ သိမ်မွေ့သောလူမျိုးများပီပီ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို တန်ဖိုးထားမြတ်နိုးကြရမည် ဖြစ်သည်။ မိမိလူမျိုး၏ အမျိုးသားရေးဂုဏ်ဒြပ်ကို ထာဝရထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်သည်။ တိုင်းတစ်ပါးယဉ်ကျေးမှု ဓလေ့စရိုက်များ ထိုးဖောက်လွှမ်းမိုးမှု မခံရစေရေး သတိပြုတားဆီးကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတိုင်း အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိသည်။

ယခုအခါ နိုင်ငံတကာ၌ သိပ္ပံနှင့်နည်းပညာရပ်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံများအကြား ဆက်စပ်ယှက်နွယ် ပြောင်းလဲမှုများ ဖြစ်ထွန်းလျက်ရှိသည်။ ယင်းသို့ ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ် ဖြစ်ထွန်းမှုများနှင့်အတူ ကမ္ဘာ့နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် နိုင်ငံရေးကွန်ရက် ဖြန့်ကြက်နိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိကြသည်။

ဓနအင်အားနှင့် နည်းပညာစွမ်းအားတွင် အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူငယ်များအပေါ် ယဉ်ကျေးမှုလွှမ်းမိုးသည့်နည်းဖြင့် ထိုးဖောက်လာလျက်ရှိသည်။ ယင်းနိုင်ငံကြီးများ၏ တေးဂီတ၊ အဆို၊ အက၊ လူနေမှုဓလေ့စရိုက်၊ အတွေးအခေါ်၊ အယူအဆများကို သွတ်သွင်းလာလေ့ရှိကြောင်း တွေ့မြင်ကြားသိနေရသည်။

နိုင်ငံသူ၊ နိုင်ငံသားများ အထူးသဖြင့် လူငယ်လူရွယ်များအနေဖြင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူမှုပတ်ဝန်းကျင် ဓလေ့စရိုက်နှင့် မကိုက်ညီသည့် တိုင်းတစ်ပါးယဉ်ကျေးမှုများကို အတုယူမမှားမိစေရန် သတိပြုကြရမည် ဖြစ်သည်။ တိုင်းတစ်ပါးဓလေ့စရိုက် အမူအကျင့်များ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် မလုံမခြုံဝတ်စားဆင်ယင်မှုများ မိမိတို့ လူငယ်ထုအတွင်း စိမ့်ဝင်ပျံ့နှံ့မှုမရှိစေရေး ကာကွယ်တားဆီးကြရန် လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာ ထာဝရမြင့်မားနေစေရန် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးလျက်ရှိသည်။ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် **တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး** အချက်များကို ထည့်သွင်းထားသည်။

နိုင်ငံတော်က မျိုးဆက်သစ်လူငယ်များအား စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အမျိုးသားရေးလမ်းကြောင်းမှန်အတိုင်း ဖြစ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ နှစ်စဉ်ကျင်းပပေးခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယခုအခါ မြန်မာ့တေးဂီတ အနုပညာရပ်များကို လေ့လာလိုက်စားလာသူ လူငယ်လူရွယ်များ တိုးပွားလာလျက်ရှိကြောင်း သိရသည်။

လူမှုရေးအသင်းအဖွဲ့များက လူမှုရေးဆိုင်ရာ သင်တန်းများ၊ ယဉ်ကျေးမှုသင်တန်းများ နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိသည်။ အမျိုးသမီးကဏ္ဍတွင် ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲများ၊ ပြပွဲများ၊ ဟောပြောပွဲများ စီစဉ်ကျင်းပပေးလျက်ရှိသည်။ ထို့အပြင် အခြေခံပညာကျောင်းများတွင် ဘက်စုံပညာရေးစနစ်အရ ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ လှုပ်ရှားမှုများကို သင်ကြားပို့ချပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသား မျိုးဆက်သစ်လူငယ်၊ လူရွယ်များအားလုံးက နိုင်ငံနှင့် လူမျိုးဂုဏ် ထာဝရမြင့်မားနေစေရေးအတွက် အမျိုးသားယဉ်ကျေးမှုကို ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ကြရန်နှင့် တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ဂုဏ်ဒြပ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အစဉ်အလေးထား ထိန်းသိမ်းမြှင့်တင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

၂၀၀၄ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့နံနက် ၈နာရီတွင် မိတ္ထီလာမြို့ ရှမ်းတဲ လေကြောင်းအတတ်သင်လေတပ်စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးတင်ဦးလွင်၊ မိတ္ထီလာတပ်နယ် တပ်နယ်မှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင်လေတပ်စခန်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းတို့မှ ဒုတိယလေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ အရာရှိ၊ စစ်သည်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ အုပ်၊ တပ်များမှ ပြိုင်ပွဲဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဖွင့်ပွဲအဖြစ် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်အသင်းနှင့် လေကြောင်းအတတ်သင် လေတပ်စခန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ (သတင်းစဉ်)

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအားကစားပြိုင်ကွင်း၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက်သည်။

တက်ရောက်

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ စစ်ရေးပြမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက စစ်ရေးပြကွင်းအတွင်းနေရာယူ၍ ဒုတိယဝန်ကြီးအား တန်းအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ရဲသူရိန်တံဆိပ်ရရှိသူ ခုနစ်ဦး၊ ရဲကျော်စွာတံဆိပ်ရရှိသူ လေးဦးနှင့် ရဲကျော်သူတံဆိပ်ရရှိသူ သုံးဦးတို့အား ဆုများချီးမြှင့်သည်။

အမှာစကားပြောကြား

ယင်းနောက် ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ် နည်းစနစ်များဖြစ်သော ကြိုးကူးနည်းများ၊ ကြိုးတက်နည်းများ သရုပ်ပြသခြင်း၊ အမြင့်မှ လေအိတ်ပေါ်သို့ ခုန်ချခြင်း၊ ဆိုင်ကယ်စီးစွမ်းရည် သရုပ်ပြသခြင်း၊ ဖိအားမြှင့်ရေပန့်နှင့် မြူနှင်းမှုန် ပိုက်ခေါင်းတို့ကို အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေအားဖြင့် ဖိရိုက်၍ မီးငြိမ်းသတ်ခြင်းနှင့် ရောင်စုံကန့်လန့်ကာဖြင့် အအေးပေး၍ မီးငြိမ်းသတ်ခြင်း နည်းစနစ်များကို သရုပ်ပြသပြီး စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နံနက် ၁၀နာရီတွင် မီးသတ်ဦးစီးဌာနရုံးချုပ် သီတာခန်းမ၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲမှ ရရှိသော အောင်ဆန်းစစ်ကြောင်း စံပြဒိုင်းဆုကို ညွှန်ကြားရေးမှူးချုပ်ထံ တပ်ခွဲမှူးက အပ်နှံသည်။

ဆုများချီးမြှင့်

ဆက်လက်၍ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် စီမံထူးချွန်တံဆိပ် တတိယအဆင့်ရရှိသူ လေးဦးနှင့် လူမှုထူးချွန်တံဆိပ်ရရှိသူ သုံးဦးတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အထောက်အကူပြုရေယာဉ်ကို ရေစည်တင်နိုင်ရေးအတွက် လှူဒါန်းသည့် အလှူရှင် နှစ်ဦးအားလည်းကောင်း၊ (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းဆောင်းပါးရေးသားသူ ဆောင်းပါးရှင် တစ်ဦးနှင့် ဓာတ်ပုံမှတ်တမ်းတင်သူ တစ်ဦးတို့အား လည်းကောင်း၊ ဆီသယ်ယာဉ် မီးလောင်မှုနှင့် တိုက်ပွဲမှုတွင် စွမ်းစွမ်းတမံ ကယ်တင်ဆောင်ရွက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များအား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ဆုချီးမြှင့်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် (၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် တံခွန်အသင်းနှင့် မလိခအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တံခွန်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုကို တံခွန်အသင်းမှ အောင်လတ်သူက ရရှိသွားသည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ်နှင့်

ကြေးမုံ
The Mirror
နိုင်ငံတကာ သတင်းများ

အီရတ်စစ်သုံ့ပန်းများကို ဗြိတိသျှနှင့်ကန်တပ်ဖွဲ့ဝင်တို့ ညှဉ်းပန်းခဲ့ပုံ မီဒီယာဖော်ပြချက်များကို ဝန်ကြီးချုပ်ဘလဲ ဝေဖန်ပြောဆို

လန်ဒန် မေ ၃

ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်စစ်သုံ့ပန်းတစ်ဦးအား မတော်မတရားညှဉ်းပန်းနှိပ်စက်နေပုံကို ဖော်ပြထားသောဓာတ်ပုံများကို မိမိတို့ လုံးဝလက်ခံနိုင်မည်မဟုတ်ကြောင်း ဗြိတိသျှဝန်ကြီးချုပ်တိုနီဘလဲက စနေနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။ ဒေလီမေရာသတင်းစာတွင် ဖော်ပြထားသော အဆိုပါဓာတ်ပုံများသည် စစ်မှန်သော ဓာတ်ပုံများဖြစ်မည်ဆိုပါက ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ မတော်မတရားလုပ်ရပ်ကို မိမိလုံးဝပြစ်တင် ရှုတ်ချလိမ့်မည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့သောလုပ်ရပ်မျိုးကို လက်ခံနိုင်မည်မဟုတ်ကြောင်း တိုနီဘလဲက ပြောကြားသည်။

ဝေဖန်

အစောပိုင်းတွင် ဗြိတိသျှ လက်နက်ကိုင်တပ်ဖွဲ့များရေးရာဝန်ကြီး အဒမ်အင်ဂရမ်ကလည်း ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှုရုပ်ပုံများနှင့် ပတ်သက်၍ ဝေဖန်ပြောကြားခဲ့သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးက အီရတ်စစ်သုံ့ပန်းတစ်ဦးကို ညှဉ်းပန်းနှိပ်စက်ကာ မဖွယ်မရာပြုလုပ်နေပုံကို ဖော်ပြသည့် ဓာတ်ပုံများနှင့်ပတ်သက်၍ ဗြိတိသျှစစ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ယင်းစုံစမ်းစစ်ဆေးမှုအတွက် မိမိတို့ အချိန်ပေးထားကြောင်း ဝန်ကြီးအင်ဂရမ်က ပြောကြားသည်။

ဒေါသထွက်

ယခု ရက်သတ္တပတ်အတွင်းကလည်း အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်စစ်သုံ့ပန်းများကို မတော်မတရားပြုလုပ်နေပုံများကို မီဒီယာများက ထုတ်လွှင့်ဖော်ပြခဲ့ရာ အီရတ်တို့မှာ ဒေါသ ထွက်ခဲ့ကြရသည်။

အီရတ် စစ်သုံ့ပန်းတို့အပေါ် ညှဉ်းပန်းနှိပ်စက်မှုများအတွက် တာဝန်ရှိသူများကို ဖော်ထုတ်ကာ အရေးယူသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က ပြောကြားသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ မဖွယ်မရာပြုကျင့်မှုများနှင့် ပတ်သက်၍ သီးခြားစီဖြစ်သော စုံစမ်းစစ်ဆေးမှု ငါးရပ်ရှိလင့်ကစား ဗြိတိသျှကြည်းတပ်အတွင်း ယင်းသို့သော မဖွယ်မရာပြုကျင့်မှုမှာ အစဉ်အလာမရှိဟု ဝန်ကြီးအင်ဂရမ်ကပြောကြားသည်။

ဗြိတိသျှစစ်ရဲတပ်ဖွဲ့၏ အထူးစုံစမ်းစစ်ဆေးရေးဌာနခွဲက အသေးစိတ်စုံစမ်းစစ်ဆေးသွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။***အင်တာနက်။***

မေ ၃ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆော်ဒီတွင် အနောက်နိုင်ငံသားများကိုတိုက်ခိုက် အမေရိကန်နှစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရ

ဝါရှင်တန် မေ ၃

ဆော်ဒီအာရေဗျနိုင်ငံတွင် အနောက်နိုင်ငံသားများအား ပစ်မှတ်ထား၍ တိုက်ခိုက်ရာတွင် အမေရိကန်နိုင်ငံသားနှစ်ဦးသေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် အမေရိကန်အစိုးရက စနေနေ့တွင် အတည်ပြုပြောကြားသည်။

ပြောကြား

ယင်းတိုက်ခိုက်မှုတွင် အမေရိကန်နှစ်ဦးသေဆုံးပြီး အခြားတစ်ဦးကို ဆေးရုံတင်ထားရကြောင်း နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဆူဆန်ပစ်မင်က သတင်းထောက်များအား ပြောကြားသည်။

ဖော်ပြပါတိုက်ခိုက်မှုတွင်အမေရိကန်သုံးဦးသေဆုံးကြောင်း စောစောပိုင်းက ဖော်ပြခဲ့သည့်သတင်းများအား ပြင်ဆင်ပြီး ဆော်ဒီအာရေဗျနိုင်ငံ ဂျက်ဒါမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးမှ ပေးပို့သည့်သတင်းအား ကိုးကား၍ ဖော်ပြသည်။

တိုက်ခိုက်မှုနှင့် ပတ်သက်သည့် အသေးစိတ်မှာ ပြတ်ပြတ်သားသား မသိရသေးသောကြောင့် သေဆုံးသူနောက်ထပ်တိုးလာနိုင်ကြောင်း ပစ်မင်က ပြောကြားသည်။

ခြောက်ဦးထက်မနည်းသေဆုံး

လက်နက်ကိုင် လေးဦးသည် ရေနံကန်ထရိုက်တာလုပ်ငန်းရှင် တစ်ဦး၏ ရုံးခန်းသို့ စနေနေ့ကဝင်ရောက်လာပြီး ဦးတည်ရာမရှိ စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းပစ်ခတ်မှုကြောင့် အမေရိကန်နှစ်ဦးအပါအဝင် အနောက်နိုင်ငံသား ခြောက်ဦးထက်မနည်း သေဆုံးခဲ့ကြရသည်။ ***အမ်အင်အေ၊ဆင်ပ်ဟွာ။***

အီရတ်အကျဉ်းသားများအပေါ် လူ့အခွင့်အရေးချိုးဖောက်သည့် အမေရိကန်တပ်ဖွဲ့ဝင်များကို နီကာရာဂွာ ပြစ်တင်ရှုတ်ချ

မာနာဂွါ မေ ၃

အီရတ်အကျဉ်းသားများအပေါ် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို နီကာရာဂွာအစိုးရက စနေနေ့တွင် ရှုတ်ချလိုက်ပြီး ယင်းဆိုးရွားသည့် နှိပ်စက်ညှဉ်းပန်းမှုနှင့်စပ်လျဉ်း၍ ပြင်းထန်သောပြစ်ဒဏ်ပေးရန် တောင်းဆိုလိုက်သည်။

ယင်းတပ်ဖွဲ့ဝင်များ၏ လုပ်ရပ်သည် ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူညီချက်အား ချိုးဖောက်နေကြောင်း နိုင်ငံခြားရေးဝန်ကြီး ကယ်ဒါရာကာဒီနယ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဂျီနီဗာ သဘောတူညီချက်သည် အထိန်းသိမ်းခံများနှင့် စစ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုနှင့် ပတ်သက်၍ စောင့်ထိန်းလိုက်နာရမည့် စံချိန်စံညွှန်းများအား အာမခံရန် နိုင်ငံတကာက တာဝန်ယူရမည့် စည်းကမ်းဖြစ်သည်။

အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အီရတ်အကျဉ်းသားများအား နှိပ်စက်ကလူပြုမှုကို လက်မခံနိုင်ကြောင်း၊ ပြစ်မှုကျူးလွန်သူများအား တရားမျှတစွာဖြင့် ဥပဒေအရ ဖြေရှင်းမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်းဖြင့် ကာဒီနယ်က ဆက်လက်ပြောကြားသည်။

နီကာရာဂွာအစိုးရက ယင်းပြဿနာနှင့်ပတ်သက်သည့် စာချွန်လွှာတစ်စောင်ကို အမေရိကန်အစိုးရထံသို့ တနင်္လာနေ့က ပေးပို့ခဲ့ကြောင်း ကာဒီနယ်က ထပ်လောင်းပြောကြားသည်။

အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရပုံများကို မြင်တွေ့ခဲ့ရပြီး ၎င်းတို့အား ညှဉ်းပန်းသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရက်စက်မှုနှင့် ယုတ်မာမှုတို့ကို သိရှိရသည့် နီကာရာဂွာ နိုင်ငံသားများသည် ဒေါသအမျက် ခြောင်းခြောင်း ထွက်ခဲ့ကြသည်။ ***အမ်အင်အေ၊ဆင်ပ်ဟွာ။***

စောင့်ဆိုင်း

မေ ၃ ရက်က ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရှိ အဘူဂါရိပ် အကျဉ်းထောင်ရှေ့တွင် အကျဉ်းသားများနှင့် တွေ့ဆုံရန် စောင့်ဆိုင်းနေသည့် အီရတ်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်မြောက်ပိုင်း အပေါင်းပါတပ်စခန်းအနီး တိုက်ခိုက်မှုဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံး

ဘဂ္ဂဒက် မေ ၃

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွယ်မြို့အနီးရှိ အပေါင်းပါတပ်ဖွဲ့စစ်စခန်းအနီးတွင် တနင်္ဂနွေနေ့က ဗုံးဖြင့် တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြကြောင်း စစ်ဘက်ဆိုင်ရာ သတင်းများက ဆိုသည်။

ကယ်ကွယ်မြို့အနီးတွင် နံနက် ၉ နာရီခန့်က လက်လုပ်ဗုံး အပါအဝင် လက်နက်ငယ်များအသုံးပြုကာ တိုက်ခိုက်သည့် တိုက်ပွဲတစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယခုတပ်ဖွဲ့ဝင် သေဆုံးမှုကိုပါ ပေါင်းထည့်လျှင် အီရတ်၌အမေရိကန်တို့စစ်ဆင်နွှဲချိန်မှ ယနေ့အထိ စုစုပေါင်း အမေရိကန်စစ်သည် ၇၆၅ ဦး သေဆုံးခဲ့ရပြီ ဖြစ်သည်။ အမေရိကန် ဦးဆောင်သောတပ်များသည် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲကို စတင်ခဲ့ကြသည်။ ပြီးခဲ့သော စနေနေ့က ဘဂ္ဂဒက်မြို့၏ တောင်ဘက် ကီလိုမီတာ ၃၆၀ အကွာရှိ အမ်မရာမြို့တွင် အမေရိကန် စစ်ယာဉ်တန်းတစ်ခုကို အတိုက်ခိုက်ခံရကြောင်း၊ လက်နက်ငယ်များနှင့် ဒုံးပစ်လောင်ချာများ အသုံးပြု၍ တိုက်ခိုက်ခဲ့သည့်အတွက်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားခဲ့ကြောင်း စစ်ဘက်ပြောရေး ဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

လွန်ခဲ့သော တနင်္ဂနွေနေ့ အရုဏ်တက်အချိန်ကလည်း ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်တွင် တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သေးကြောင်း၊ ထိုတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နောက်ထပ်နှစ်ဦး ထပ်မံသေဆုံးရကြောင်း ထိုပြောရေးဆိုခွင့်ရှိသူကပင် ဆက်လက်ပြောကြားခဲ့သေးသည်။

အမ်အင်အေ၊ဆင်ပ်ဟွာ။

မေ ၃ ရက်က ဘဂ္ဂဒက်မြို့အနီးတွင် ရေနံတင်ကား မီးလောင်ပျက်စီးပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် သီးခြားတိုက်ပွဲများ ဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် မေ ၄

ဘဂ္ဂဒက်မြို့နှင့် အီရတ်တောင်ပိုင်း အာမာရာမြို့တို့တွင် ပြောက်ကျားများက သီးခြားစီဆင်နွှဲသော တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတို့ သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်မှ လာသော သတင်းက ဆိုသည်။

ယခုသေဆုံးမှုများပါပေါင်းထည့်လျှင် အီရတ်စစ်ပွဲစတင်ချိန်မှ မေ ၂ ရက်အထိ ကာလအတွင်း သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၇၆၇ဦး ရှိသွားပြီဖြစ်သည်။ ဆက်ဒမ်ကို ဖြုတ်ချရန် ဆင်နွှဲသည့် သီတင်းသုံးပတ်ကြာ စစ်ပွဲတွင် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေထက် လွန်ခဲ့သော ဧပြီလတွင် အသက်ဆုံးရှုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်က ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်တွင် တနင်္ဂနွေနေ့ စောစောပိုင်းက တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့်အတူ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးတို့လည်း အသက်ဆုံးရှုံးခဲ့ကြရသည်။ ပြီးခဲ့သော စနေနေ့တွင် အမ်မာရာမြို့အနီး၌ ခုခံရေးသမားများက အမေရိကန်ယာဉ်တန်းကိုလက်နက်ငယ်များ၊ လောင်ချာများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး ထပ်မံသေဆုံးခဲ့ရသည်။

ထိုတနင်္ဂနွေနေ့ကပင် ဘဂ္ဂဒက်မြို့တောင်ဘက်တွင် တည်ရှိသော အမ်မာရာမြို့၌ ရှီးယိုက်ခေါင်းဆောင် မူတာဒါဆာဒါး၏ မာဒီတပ်ဖွဲ့နှင့် ဗြိတိန်တပ်ဖွဲ့များ တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်သုံးဦးနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ ဒဏ်ရာရရှိသွားကြသည်။ အမ်မာရာမြို့သည်ဘဂ္ဂဒက်တောင်ဘက် မိုင် ၂၃၀ အကွာတွင် တည်ရှိသည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များက စီးနင်းမှုများပြုလုပ်ခဲ့ရာ လက်နက်အတော်များများ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ဗုံးပြုလုပ်သောကိရိယာများကို သိမ်းဆည်းရမိသည်ဟု ဗြိတိန်စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဗြိတိန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသော စစ်ယာဉ်တန်းကို တိုက်ခိုက်ရေးသမားများက လောင်ချာသုံး၍ တိုက်ခိုက်ခဲ့သည့်အတွက် ဗြိတိသျှတပ်ဖွဲ့ဝင် အတော်များများ ဒဏ်ရာရရှိသွားကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။ အခင်းဖြစ်ပွားရာ နေရာ၌ရှိနေသော ဗြိတိန်အရာရှိတစ်ဦးက ထိုတိုက်ခိုက်မှုကြောင့် ဗြိတိန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာ ရရှိခဲ့ကြောင်း၊ တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ဆက်လက်ပြောကြားသွားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်တို့၏ ခုခံတွန်းလှန်မှု မပြီးဆုံးသေးဟု အမေရိကန်အရာရှိ ယူဆ

ဘဂ္ဂဒက် မေ ၄

အီရတ်ခုခံတွန်းလှန်မှုမှာ မိမိအမြင်အရ မပြီးဆုံးသေးကြောင်းဖြင့် အီရတ်ရှိ အမေရိကန်ထိပ်တန်း စစ်ဘက်အရာရှိတစ်ဦးက သတိပေးလိုက်ပြီး အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့ဝင်များကို ဇန်နဝါရီလတွင် ကျင်းပရန်စီစဉ်ထားသည့် ရွေးကောက်ပွဲရက်များတိုင် ပိုမိုပြင်းထန်စွာ တိုက်ခိုက်လာမည်ဟုလည်း ကြိုတင်ခန့် မှန်းပြောဆိုသည်။ ဇွန်လကုန်တွင် အီရတ်ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးခြင်းဖြင့် ခုခံပုန်ကန်မှု လျော့ပါးသွားစေနိုင်သည်ဟူသော အမေရိကန်နှင့် အပေါင်းပါတို့၏ ကြေညာချက်အပေါ် မိမိသံသယရှိကြောင်း ၎င်းက ထုတ်ဖော် ပြောဆိုသည်။

ထောက်ပြ

သတိပြုရမည့် အရေးကြီးသောအချက်မှာ ထိုအစိုးရသည် ပြည်သူက ရွေးချယ်တင်မြှောက်သည့်အစိုးရမဟုတ်ဘဲ ယာယီတာဝန်ယူသည့် ကြားဖြတ်အစိုးရသာ ဖြစ်သည်ဟူသောအချက်ပင်ဖြစ်ကြောင်း ၎င်းက ထောက်ပြလိုက်သည်။

စောလွန်း

အီရတ်တို့၏ ခုခံတွန်းလှန်မှုမှာ မည်မျှကြာမည်ကို ကြိုတင်ခန့်မှန်းပြောဆိုရန် လွန်စွာစောလွန်းသေးသည်ဟု ထင်မြင်ကြောင်းဖြင့်လည်း ၎င်းက ပြောကြားလိုက်သည်။ ***အင်တာနက်။***

ဗီယက်နမ်စစ်ပွဲ လက်ကျန်ခဲယမ်း ပေါက်ကွဲ ဗီယက်နမ် နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဟနွိုင် မေ ၄

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် ဗီယက်နမ်စစ်ပွဲအတွင်းက ကျန်ရစ်သော အမေရိကန်လုပ် အမြောက်ဆန်တစ်ခု ပေါက်ကွဲသဖြင့် လူနှစ်ဦး သေဆုံးသွားပြီး အခြားတစ်ဦး ဒဏ်ရာရရှိသွားကြောင်း ဗီယက်နမ်ရဲတပ်ဖွဲ့မှ လာသောသတင်းအရသိရသည်။

တူးဆွမိ

ပြီးခဲ့သော စနေနေ့က ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ဘင်ဆွမ်ပြည်နယ်ရှိ သစ်တောအတွင်း သတ္တုစများရှာဖွေရန် လူသုံးဦးက တူးဆွနေကြစဉ် မြေတွင်း၌ မြုပ်နေသော စိန်ပြောင်းဗုံးသီးကို တူးဆွမိကြသဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်ပွားမှုကြောင့် လူတစ်ဦးမှာပွဲချင်းပြီးသေဆုံးသွားသည်။ အခြားတစ်ဦးမှာ ဆေးရုံရောက်အပြီး နာရီအတော်ကြာတွင် သေဆုံးသွားကာ ကျန်တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသွားသည်။ ထိုတတိယလူ၏ အခြေအနေမှာ စိုးရိမ်ရကြောင်း ရဲတပ်ဖွဲ့သတင်းက ဆိုသည်။

ခန့်မှန်း

ဗီယက်နမ်စစ်ပွဲအတွင်းက အမေရိကန်စစ်တပ်သည် ဗုံးနှင့် လက်နက်ခဲယမ်းမျိုးစုံတန်ချိန် ၁၅သန်းသုံးစွဲခဲ့သည်။ ထိုပေါက်ကွဲစေတတ်သော ပစ္စည်းများအနက် ၁၀ရာခိုင်နှုန်းမှာ မပေါက်ကွဲသေးဘဲ ကျန်ရစ်နေသေးသည်ဟု ခန့်မှန်းကြသည်။ ၎င်း ကျန်ရစ်နေသည့် ဗုံးဆန်၊ အမြောက်ဆန်များ ပေါက်ကွဲမှုဖြစ်ရသည့်အတွက် ဗီယက်နမ်စစ်ပွဲ ပြီးသွားပြီဖြစ်သော်လည်း လူများမှာ ဆက်လက်ထိခိုက်သေဆုံး ဒဏ်ရာရမှုများ ဖြစ်ပွားနေရကြောင်းသိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မေ ၃ ရက်က ဘဂ္ဂဒက်မြို့တွင် မီးလောင်ပျက်စီးနေသည့် အမေရိကန် စစ်ကားတစ်စီးအနီးတွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒိုမီနီကန်တပ်ဖွဲ့ဝင်များ အီရတ်မှထွက်ခွာ

ဟာဗားနား မေ ၄

အီရတ်နိုင်ငံတွင် ကျန်ရှိနေသေးသော ဒိုမီနီကန်နိုင်ငံမှ တပ်ဖွဲ့ဝင်ဒုတိယအသုတ် ၃၀၂ဦးတို့သည် ပြီးခဲ့သော တနင်္လာနေ့က အီရတ်နိုင်ငံမှ ထွက်ခွာလာပြီဖြစ်သည်။ ထိုတပ်ဖွဲ့ဝင်များသည် ကူဝိတ်နိုင်ငံသို့ ရောက်ရှိနေခဲ့ကြသော ဒိုမီနီကန်တပ်ဖွဲ့ဝင်များနှင့် သွားရောက်ပေါင်းစည်းကြမည်ဖြစ်ကြောင်း ဒိုမီနီကန်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

ယခုအခါအီရတ်တွင် မိမိတို့တပ်ဖွဲ့မှ ဗိုလ်ကြီးတစ်ဦးသာ ကျန်ရှိတော့ကြောင်း၊ ၎င်းမှာ ဝန်စည်စလယ်များကို တာဝန်ယူရသူဖြစ်ပြီး လာမည့် မေ ၆ရက်တွင် ထိုအရာရှိမှာလည်း အီရတ်နိုင်ငံမှ ထွက်ခွာလာမည်ဖြစ်ကြောင်း ဒိုမီနီကန်ကာကွယ်ရေးဝန်ကြီး ဂျိုဆေးမီဂူရယ်ဆိုတိုဂျိမီနဇ်က ပြောကြားသည်။ ပြီးခဲ့သည့် သောကြာနေ့က ဒိုမီကန်စစ်သည် ၁၄၀ တို့ အီရတ်နိုင်ငံမှ ကြိုတင်၍ ထွက်ခွာခဲ့ကြပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတည်ငြိမ်ရေး လက်တွဲဆောင်ရွက်ရန် ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

ကုလသမဂ္ဂ မေ ၄

အီရတ်နိုင်ငံတည်ငြိမ်ရေးတွင် ပိုမိုလက်တွဲပါဝင်ဆောင်ရွက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တနင်္ဂနွေနေ့တွင် တိုက်တွန်းလိုက်သည်။ အီရတ်စစ်ပွဲကို ဆန့်ကျင်ကြသည့် ပြင်သစ်၊ ဂျာမနီ၊ ရုရှားနိုင်ငံတို့နှင့် အမေရိကန်နိုင်ငံက အကြိတ်အနယ် ဆွေးနွေးနေကြောင်းဖြင့်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။

အသင့်မရှိ

အီရတ်နိုင်ငံ၌ အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့များထံ အီရတ်နိုင်ငံအားကျူးကျော်မှုကို ဆန့်ကျင်ကြသည့် ထိုအဓိကသုံးနိုင်ငံက တပ်များစေလွှတ်ရန် အသင့်ရှိမည်ဟု မထင်မြင်ကြောင်း ၎င်းကပြောကြားလိုက်သည်။

သို့သော်အနာဂတ်တွင် အဆိုပါသုံးနိုင်ငံက အီရတ်သို့ တပ်များစေလွှတ်မည့် အလားအလာများမရှိဟု ၎င်းက မပြောဆိုပေ။

အထောက်အကူဖြစ်

အီရတ်နိုင်ငံတည်ငြိမ်ရေးတွင် လူတိုင်းပါဝင်ပြီး နိုင်ငံတကာ ကြိုးပမ်းမှုဖြစ်အောင် မိမိတို့ အမှန်တကယ်ဆောင်ရွက်နိုင်မည်ဆိုလျှင် ထိုလုပ်ငန်းစဉ်တွင် များစွာအထောက်အကူဖြစ်လိမ့်မည်ဟုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောဆိုသည်။ ***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အမေရိကန်တို့ အီရတ်ဆိုင်ရာ မူဝါဒ သတ်သတ်မှတ်မှတ်မရှိ ထွက်လမ်းမရှိတဲ့ ချောင်ပိတ်မိဟု အီရန် ဝေဖန်

တီဟီရန် မေ ၄

အမေရိကန်တို့သည် အီရတ်တွင် ဖွဲ့စည်းမည့် အစိုးရသစ်တွင် ဘာ့သ်ပါတီဝင်ဟောင်းများကို ပြန်လည်နေရာပေးရန် လုပ်ဆောင်လာခြင်းနှင့် ပတ်သက်၍ ဝေဖန်ရာ၌ အမေရိကန်များသည် အီရတ်အကျပ်အတည်းတွင် ထွက်လမ်းမရှိတော့ဘဲ ချောင်ပိတ်မိနေပြီဖြစ်ကြောင်း အီရန်နိုင်ငံက ဝေဖန်ပြောကြားလိုက်သည်။

မှားယွင်းသော မူဝါဒ

အမေရိကန်တို့သည် အီရတ်နှင့် သက်ဆိုင်သော မူဝါဒတစ်ရပ် သတ်သတ်မှတ်မှတ် မရှိဘဲ ဖြစ်နေကြောင်း၊ သို့မဟုတ် မှားယွင်းသော မူဝါဒများကိုသာ ချမှတ်နေသော အခြေအနေရှိကြောင်း၊ အီရတ်နှင့် စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ရာ၌ မှားပြီးရင်း မှားရင်း ဖြစ်နေသည်ဟု အီရန် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာမစ်ရာဇာ အာဆပ်က ပြောကြားကြောင်း အိုင်အာအင်အေ သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

ကန့်ကွက်

အီရတ်အရာရှိများနှင့် အီရတ် ဘာသာရေးခေါင်းဆောင်အယာတိုလာ အလီစစ္စတာနီတို့က အမေရိကန်၏ လုပ်ရပ်ကို ကန့်ကွက်ကြသည်။ အမေရိကန်တို့၏ အီရတ်နှင့် ပတ်သက်သော လုပ်ဆောင်မှုများသည် အီရတ်ပြည်သူများ၏ အကျိုးစီးပွားကို အလေးမထားဘဲ အမေရိကန်တို့၏ အကျိုးစီးပွားကိုသာကြည့်၍ လုပ်နေကြခြင်းပင်ဖြစ်သည်ဟု အာဆပ်က ပြောကြားခဲ့သည်။

လူ့ကျင့်ဝတ်နှင့် မညီ

အမေရိကန်များသည် အယ်လ်ခိုင်ဒါ အဖွဲ့ကို ဖန်တီးခဲ့ကြသည်။ နောက်ပိုင်းတွင် ထိုအဖွဲ့ကို ပစ်ပယ်ထားလိုက်သည်။ တစ်ဖန် အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ကို ထောက်ခံအားပေးခဲ့ကြသည်။ ထိုမှ နောက်ပိုင်းတွင် ဆက်ဒမ်ကိုလည်း ဖယ်ရှားခဲ့ကြပြန်သည်။ ဤလုပ်ရပ်များကိုကြည့်လျှင် လူ့ကျင့်ဝတ်နှင့် မညီသော လုပ်ရပ်များသာဖြစ်ပြီး အမေရိကန်၏ ကိုယ်ကျိုးစီးပွား အခြေခံသော လုပ်ဆောင်မှုများသာ ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း အာဆပ်က ဆက်လက်ဝေဖန် ပြောကြားသွားသည်။

ယခုအခါ အမေရိကန် အစိုးရသည် အီရတ်ဘာ့သ်ပါတီဝင်ဟောင်းအချို့ကို အီရတ်နိုင်ငံ၏ ကြားဖြတ်အစိုးရသစ် ဖွဲ့စည်းရာတွင် ပါဝင်စေမည်ဖြစ်ကြောင်း ထုတ်ဖော်ဆိုးဖြတ်ခဲ့ကြပြန်သည်။

အီရတ် ခေါင်းဆောင်ဟောင်း ဆက်ဒမ် ပြုတ်ကျသွားစဉ်က အီရတ် အစိုးရသစ်ဖွဲ့စည်းရာ၌ ဘာ့သ်ပါတီဝင် ဟောင်းများကို ပါဝင်ခွင့်ပေးမည် မဟုတ်ကြောင်း အမေရိကန်တို့က ပိတ်ပင်တားမြစ်ထားခဲ့ကြသည်။ သို့ရာတွင် မကြာသေးမီ အချိန်အတွင်းတွင် အီရတ်နိုင်ငံ၌ ရှီးယိုက်များ၏ ခုခံဆန့်ကျင်မှုများ ပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် အမေရိကန်တို့ မူဝါဒသည် ပြောင်းလဲသွားပြီး ဘာ့သ်ပါတီဝင်ဟောင်း အချို့ကို အီရတ် ကြားဖြတ်အစိုးရ အဖွဲ့တွင် ပါဝင်စေမည်ဖြစ်ကြောင်း ထုတ်ဖော်ဆုံးဖြတ်လာကြခြင်းဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့ စစ်ဆေးရေးစခန်းတွင် အီရတ်လက်နက်ကိုင် ပြောက်ကျားနှစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သီးခြား တိုက်ခိုက်မှုများတွင် အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် မေ ၄

အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အခြားမရိန်းတပ်ဖွဲ့ဝင်တစ်ဦးတို့သည် တနင်္လာနေ့က ဖြစ်ပွားသော သီးခြားတိုက်ခိုက်မှုများအတွင်း သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။အမှတ်(၁) နိုင်ငံခြားမရိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသည် ဘဂ္ဂဒက်အနောက်ပိုင်း အယ်လ်အန်ဘာပြည်နယ်တွင် တိုက်ခိုက်မှု ခံရပြီးနောက် သေဆုံးခဲ့သည်။

အခြားဖြစ်စဉ်တစ်ရပ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်တောင်ပိုင်းဒေသတွင် လက်နက်ငယ်များဖြင့် တိုက်ခိုက်မှုခံခဲ့ရပြီးနောက် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမှတ်(၁) သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ညက ရှာဖွေစီးနင်းရာတွင် လက်နက်သိုဝှက်ထားသည့် နေရာတွင် လုံခြုံရေး စောင့်ကြပ်နေစဉ် ပစ်ခတ်မှုခံရခြင်း ဖြစ်ကြောင်း စစ်ဘက်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်တပ်ဖွဲ့ဝင်များအား ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက် နာရီပေါင်း အတန်ကြာမျှ ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားဟုဆို

နာဂျက်ဖ်(အီရတ်) မေ ၄

နာဂျက်ဖ်မြို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများက တနင်္လာနေ့တွင် အပြင်းအထန်တိုက်ခိုက်ရာ အီရတ်နိုင်ငံသား ၂၀ ဦး သေဆုံးသွားသည်။ ထိုစဉ်အတွင်း အမေရိကန် မစ္စစီပီပြည်နယ်မှ ကုန်တင်ထရပ်ကားမောင်းသူ သောမတ်စ်ဟာမီးလ်သည် အီရတ်ပြန်ပေးသမားများ၏ ဖမ်းဆီးမှုကို လွန်ခဲ့သည့် ရက်သတ္တသုံးပတ်က ခံခဲ့ရပြီးနောက် ထွက်ပြေးလွတ်မြောက်လာခဲ့သည်။

နာဂျက်ဖ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် ရှီးယိုက်လက်နက်ကိုင်များနှင့် နာရီပေါင်းများစွာ ကြာမြင့်သည်အထိ ပစ်ခတ်တိုက်ခိုက်ကြသည်။ ရှီးယိုက်များက အမေရိကန် စစ်အခြေစိုက်စခန်းအား စိန်ပြောင်းများဖြင့် တနင်္လာနေ့ညက အပြင်းအထန် ပစ်ခတ်ပြီး မွန်းလွဲပိုင်းတွင်လည်း အရပ်မျက်နှာပေါင်းစုံမှ တိုက်ခိုက်ကြသည်။ တင့်ကားနှင့် စက်သေနတ်များဖြင့် ပစ်ခတ်မှုကြောင့် ရှီးယိုက်လက်နက်ကိုင်များ၏ ပစ်ခတ်မှု ပေါ်ပေါက်ရာ အဆောက်အအုံ ပျက်စီးသွားသည်။ ယင်းအဆောက်အအုံပေါ်မှ အမေရိကန် အပါချီတိုက်ခိုက်ရေး ရဟတ်ယာဉ်များက ဝဲပျံခဲ့ကြသော်လည်း ပစ်ခတ်မှုမရှိပေ။

တနင်္လာနေ့ အရုဏ်မတက်မီအချိန်တွင် ရှီးယိုက်လက်နက်ကိုင်များက အမေရိကန်တပ်ဖွဲ့ဝင်များအား စိန်ပြောင်းကျည် ၂၀ ခန့်ဖြင့် ပစ်ခတ်ရာ စပိန်တပ်ဖွဲ့ဝင်များ နေရာတွင် အစားထိုးထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စခန်းတစ်ဝိုက်တွင် ထိမှန်ကြသည်။ သို့ရာတွင် သေဆုံးသူ မရှိပေ။

အမေရိကန်စစ်ဘက်က ယင်းအခြေစိုက်စခန်းနှင့် နာဂျက်ဖ်မြို့ အပြင်ဘက်မှနေ၍ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါးနှင့် ၎င်း၏အရပ်သား လက်နက်ကိုင်များကို ချေမှုန်းရန် ဖြန့်ကြက်နေကြသည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက နောက်သို့ ဆုတ်ခွာနေကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရှီးယိုက်တို့ အထွတ်အမြတ်ထားရာ အဆောက်အအုံသည် အမေရိကန် အခြေစိုက်စခန်းမှ သုံးမိုင်ခန့်အကွာတွင်ရှိပြီး ရှီးယိုက်များ ဒေါသထွက်မည်ကို စိုးရိမ်သောကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မိမိထက် ရာထူးပိုမိုမြင့်မားသည့် အဆင့်မှ တစ်စုံတစ်ယောက်ကဆုံးဖြတ်ချက် မချမချင်း အမေရိကန်တပ်ဖွဲ့ဝင်များက မိမိတို့၏ ကာကွယ်ရေးပုံစံ အနေအထားကို ဆက်လက်ထားရှိမည် ဖြစ်ကြောင်း ဒုတိယဗိုလ်မှူးကြီး ပက်ဝှိုက်က ပြောကြားသည်။

ဖော်ပြပါ တိုက်ခိုက်မှုတွင် အီရတ်လက်နက်ကိုင် ၂၀ ဦးခန့် သေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်မှတ်တိကျစွာ အသုံးပြုမှုကြောင့် အရပ်သားအချို့ သေဆုံးခဲ့သည်ဟု မိမိခန့်မှန်းကြောင်း၊ တပ်ဖွဲ့ဝင်တိုင်းက လက်ရှိအခြေအနေ၏ အတိမ်းအစောင်းမခံနိုင်မှုကို သဘောပေါက်နားလည်သည်ဟု မိမိထင်မြင်ကြောင်းဖြင့် ပက်ဝှိုက်က ဆက်လက်ပြောကြားသည်။***အင်တာနက်။***

အီရတ်အကျဉ်းသားအား ဗြိတိသျှတပ်ဖွဲ့ဝင်များ ရိုက်နှက်မှု စတင်စစ်ဆေးနေ

လန်ဒန် မေ ၃

ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားအား ရိုက်နှက်ပြီး ၎င်းအပေါ် ကျင်ငယ်စွန့်ခဲ့မှုနှင့် ပတ်သက်သည့် စွပ်စွဲချက်များကို ဗြိတိသျှအစိုးရက စနေနေ့မှစတင်၍ စစ်ဆေးနေပြီး ယင်းကိစ္စနှင့် ပတ်သက်၍ အလျင်အမြန် စုံစမ်းစစ်ဆေးကာ ပြင်းပြင်းထန်ထန် အရေးယူရမည်ဟု ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက ပြောကြားသည်။

စနေနေ့ထုတ် ဒေလီမေးလ် သတင်းစာတွင် ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် အီရတ်အကျဉ်းသားများအား ခြေဖြင့်ကန်ကျောက်၊ ခြေဖြင့်ဆောင့်နင်း၊ အကျဉ်းသား၏ ခေါင်းစွပ်ပေါ် ကျင်ငယ်စွန့်သည့် အဖြူအမည်း ဓာတ်ပုံများကို ဖော်ပြခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

မေ ၃၀ ရက်က ဖော်လူဂျာမြို့အဝင် အမေရိကန်စစ်ဘက်ဆိုင်ရာ စစ်ဆေးရေးဂိတ်မှ မောင်းထွက်လာသည့် အမေရိကန် စစ်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်အပေါင်းပါ တပ်ဖွဲ့ဝင်များ အန္တရာယ်ပိုမိုကြီးမား ဘူဂေးရီးယားတပ်ဖွဲ့ဝင် ၂၄ ဦး အီရတ်မှ ပြန်လည်ထွက်ခွာ

ဆိုဖီယာ မေ ၃

အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများ တိုးမြင့်ဖြစ်ပေါ်လာချိန်မှစ၍ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ဘေးအန္တရာယ် ပိုမိုကြီးမားလာနေချိန်တွင် စစ်ရေးတာဝန်ထမ်းဆောင်ရသော တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအတွက် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုတင်ပြင်ဆင်ထားခြင်း မရှိသဖြင့် အီရတ်ရောက် ဘူဂေးရီးယားတပ်ဖွဲ့ဝင်များအနက် တပ်ဖွဲ့ဝင် ၂၄ ဦးသည် အီရတ်နိုင်ငံမှ ပြန်လည်ထွက်ခွာလာကြပြီဖြစ်သည်။

အီရတ်တွင် စစ်ရေးတာဝန်ထမ်းဆောင်ခြင်း မပြုတော့ဘဲ နေအိမ်သို့ပြန်ရန် မိမိဘာသာမိမိ ဆုံးဖြတ်သည့် ဘူဂေးရီးယားတပ်ဖွဲ့ဝင်များ၊ နာမကျန်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်များနှင့်ဆိုလျှင် အီရတ်ရှိ ဘူဂေးရီးယားတပ်ဖွဲ့ဝင်ဦးရေမှာ ၄၅၄ ဦးအထိ လျော့ကျသွားကြောင်း သိရှိရသည်။ ***အင်တာနက်။***

မိုးကုတ် ဝိပဿနာ တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် မေ ၅

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၂)ရပ်ကွက် ပေါ်ဦး(၅)လမ်းရှိ သာသနာ့သာစည် ကျောင်းတိုက်ကြီးတွင် အရှင်ဝိဓေယျ (မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက)က မေ ၉ ရက်မှ ၁၅ ရက်ထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတို့ကို ဟောကြားမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ မေ ၈ ရက် ညနေ အရောက်လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ငှက်ဖျားရောဂါ

ဒေါက်တာစောလွင် (ငှက်ဖျား)

ငှက်ဖျားရောဂါ ဘယ်လိုကူးစက်ပါသလဲ။ ဒီကနေ့ထိတိုင်အောင် လွဲမှားသည့် အယူအဆတွေ လွှမ်းမိုးနေဆဲ ဖြစ်သည်။

"ဆရာ ကျွန်တော် တောင်ကြီးကနေ တာချီလိတ်ကားလိုင်း လိုက်တာပါ၊ ငှက်ဖျားဖြစ်မှာစိုးလို့ ရေသန့်ဘူးပဲ သောက်တယ်၊ လမ်းခရီးမှာ တွေ့ရာရေ မချိုးဘူး၊ အခု ငှက်ဖျားဖြစ်လို့ပါ"ဟု ကားယာဉ်နောက်လိုက်တစ်ဦးက စာရေးသူ တောင်ကြီးမှာ တာဝန်ကျစဉ် ပြောဖူးသည်။

"ဆရာ ငှက်ဖျားရောဂါဆိုတာ စိမ့်/စမ်းရေ သောက်လို့၊ ချိုးလို့၊ ငှက်ပျောသီး၊ သင်္ဘောသီးစားလို့ ဖြစ်တယ်ဆိုတာ ဟုတ်သလား" စစ်ကိုင်းတွင် တာဝန်ကျစဉ် တမူး–ကဘော်ချိုင့်ဝှမ်း ခရီးစဉ်၌ ဌာနဆိုင်ရာ အရာရှိတစ်ဦးက မေးခဲ့ဖူးသည်။

စာရေးသူ ငယ်စဉ်က ကြည့်ခဲ့သော ရုပ်ရှင်ကားတစ်ကားကို မှတ်မိနေပါသည်။ ဇာတ်ကားအမည် "ပိုး" (ဦး)ဇော်လွင် စိမ့်စမ်းရေသောက်ပြီး ငှက်ဖျား ချမ်းတုန်ဖျားနေပုံ ပြသည်။ ဂျာနယ်တစ်စောင်တွင်လည်း "ရောက်ရာ အရပ်က ရေစိမ်းကို မသောက်ရဲလို့ပါ။ ကြုံဖူးတယ်လေ၊ ရောက်ရာအရပ်က ရေစိမ်းကိုသောက်မိလို့ ဝမ်းပျက်တာ၊ မအီမလည်ဖြစ်ရတာ၊ ခရီးသွားဖော်ထဲက ငှက်ဖျားဒဏ် ခံကြရတာတွေ ကြုံဖူးတာပေါ့"ဆိုပြီး ပါလာပြန်သည်။

သက်ကြီးစကား သက်ငယ်ကြား မိဘဘိုးဘွားများက နယ်သွားတဲ့သူ၊ တောသွားတဲ့သူတွေကို မှာကြတယ်၊ တောထဲမှာ စိမ့်စမ်းရေ မသောက်နဲ့၊ မချိုးနဲ့၊ ငှက်စာတွေ (ငှက်ပျောသီး၊ သင်္ဘောသီး)မစားကြနဲ့ ငှက်ဖျားဖြစ်လိမ့်မယ်။

တွေ့ကြုံခဲ့ရ၊ ကြားခဲ့ရသမျှမှ တချို့တစ်ဝက်သာဖြစ်သည်။ ကားနောက်လိုက်က အစ၊ အရာရှိ၊ ရုပ်ရှင်စာပေတွေမှာရော ငှက်ဖျားရောဂါဟာ စိမ့်ရေ၊ စမ်းရေသောက်လို့၊ ချိုးလို့၊ ငှက်ပျောသီး၊ သင်္ဘောသီးစားလို့ ထင်ခဲ့တာတွေ၊ ရိုက်ကူးပြသခဲ့တာတွေ၊ ရေးသားခဲ့တာတွေ ရှိသည်။

လူကြီး၊ သူကြီးတွေကလည်း ထပ်ဆင့်စကားနဲ့ မှာကြားခဲ့သည်။ ကိုယ်တိုင်လည်း ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသလို စိမ့်စမ်းရေ သောက်ပြီးတာနဲ့ ငှက်ဖျားဖြစ်တာနဲ့ ကြုံကြိုက်ခဲ့တာတွေ ရှိခဲ့တော့ လူထုကြားမှာ ငှက်ဖျားရောဂါဟာ စိမ့်စမ်းရေသောက်လို့၊ ချိုးလို့ဖြစ်တာ။ ငှက်ပျောသီး၊ သင်္ဘောသီးစားလို့ဖြစ်တာဆိုပြီး လွဲမှားတဲ့အယူအဆတွေဟာ အမြစ်တွယ်နေကြပါသည်။

တကယ်တော့ ငှက်ဖျားရောဂါ ကူးစက်ခြင်းရဲ့ အဓိကအကြောင်းရင်းဟာ ငှက်ဖျားပိုးပါတဲ့ "ခြင်" ကိုက်မိလို့ပါပဲ။ သွေးလှူရှင်က ငှက်ဖျားပိုးရှိနေခဲ့ရင် သူလှူတဲ့ သွေးသွင်းမိတဲ့လူကိုလည်း ငှက်ဖျားပိုးကူးစက်နိုင်ပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးမှာ ငှက်ဖျားပိုးရှိခဲ့ရင် သန္ဓေသားကို ကူးစက်နိုင်ပါတယ်။ ဒါကလည်း အချင်းမှာ ရောဂါရှိနေမှ သန္ဓေသားထံ ပိုးရောက်နိုင်တာပါ။ ဒီနည်းနဲ့ကူးစက်ဖို့ အလွန်ခဲယဉ်းပါတယ်။ သွေးသွင်းတဲ့နည်းနဲ့ ကူးစက်ဖို့ဆိုတာကလည်း လူအများစုမှာ သွေးသွင်းနေတာ မဟုတ်ပါဘူး။ ဒါကြောင့် ငှက်ဖျားကူးစက်ရခြင်းရဲ့ အဓိက အကြောင်းရင်းမှာ ငှက်ဖျားပိုးပါတဲ့ ခြင်ကိုက်မိလို့ ဆိုရခြင်းဖြစ်ပါတယ်။

"ခြင်"က ငှက်ဖျားပိုး သယ်တာကို တွေ့ခဲ့သည်မှာ အနှစ် ၁၀၀ ကျော်ရှိပြီး တချို့လူအတော်များများကတော့ ယခုထိ အယူအဆမှားကို ယုံကြည်လက်ခံ နေဆဲပင်ဖြစ်ပါသည်။ ဒါကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နည်းနာသုံးရပ်တွင် ကျေးလက်အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးရန် ချမှတ်ခဲ့ပြီး မှန်ကန်တဲ့ အသိရှိမှလည်း ဒုတိယနည်းနာဖြစ်သည့် ရောဂါကာကွယ်တားဆီးခြင်းတွင် မှန်ကန်စွာ ခံယူလိုက်နာ၍ ငှက်ဖျားမဖြစ်အောင် ကာကွယ်နိုင်ကြမည်။ သို့မဟုတ်ပါက အထက်ပါအတိုင်း ရေကို ကျိုသောက်နေကြမည်၊ ရေသန့် သောက်နေကြမည်၊ "ခြင်"ကိုက်ခြင်းကိုတော့ မကာကွယ်၊ ဂရုမစိုက်ဘဲ နေကြမည်ဆိုလျှင်တော့ ငှက်ဖျားကို မကာကွယ်နိုင်ပါ။

သမိုင်းကြောင်း ပြန်ကြည့်လျှင်လည်း ဆေးပညာရှင်၏ ဖခင်ကြီး ဟစ်ပိုကရေးတီးက ငှက်ဖျားရောဂါသည် ရွှံ့နွံများရှိသော ရေအိုင်များမှ မကောင်းသောလေကို ရှူ၍ငှက်ဖျားဖြစ်ရသည်ဟု အယူအဆလွဲမှားခဲ့သည်။ (Mal=bad; aria=air, Malaria=bad-air) ဒါကြောင့် ရောဂါရှိနေတဲ့ နေရာဝန်းကျင်ရှိ ရွှံ့နွံအိုင်များကို ဖို့ခဲ့သည်။ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခဲ့သည်။ ဒီတော့ ခြင်ပေါက်ပွားမှု လျော့သွားသည်။ ငှက်ဖျား အဖြစ်နည်းသွားသည်။ ဖြစ်ပွားကူးစက်ရပုံကို အယူအဆလွဲမှားခဲ့သော်လည်း လုပ်ဆောင်ချက်က မှန်တော့ ငှက်ဖျားလျော့နည်းခဲ့သည်။

ငှက်ဖျားခြင်ပေါက်တဲ့ နေရာတွေထဲမှာ ဖြည်းညင်းစွာ စီးဆင်းနေတဲ့ စိမ့်၊ စမ်းချောင်းတွေ ပါဝင်သည်။ ပိုးလောက်လမ်းမှ ခြင်ပေါက်ပြီး အနားရှိ ခြုံတွေ၊ သစ်ခေါင်းတွေမှာ ခိုအောင်းနေသည်။ စိမ့်စမ်းရေ သွားသောက်တဲ့ အချိန်၊ ရေချိုးတဲ့အချိန် ခြင်ထွက်ကိုက်လိုက်မည်။ ခြင်ကိုက်ခံရသည်ကို သိချင်မှ သိမည်။ သိလိုက်သည်ထားဦး အမှတ်တမဲ့ ရိုက်ပုတ်လိုက်မည်။ ခြင်က ငှက်ဖျားပိုးရှိတဲ့လူကို ကိုက်မိရာက သူ့ကိုယ်ထဲ ငှက်ဖျားပိုးကို သယ်ထားပြီး သူ့သက်တမ်းတစ်လျှောက်လုံး ကိုက်သူတွေ ငှက်ဖျားရောဂါ ရစေနိုင်သည်။

"ခြင်" သည်ကနေ့ကိုက် သည်ကနေ့ ငှက်ဖျားမဖြစ်၊ ခြင်ကိုက်ပြီး တစ်ပတ်ကျော်မှ ငှက်ဖျားရောဂါလက္ခဏာ စပြသည်။ ခြင်ကိုက်လို့ လူကိုယ်ထဲ ရောက်သွားတဲ့ ငှက်ဖျားပိုးတွေက လူကို ဒုက္ခပေးနိုင်တဲ့ အရေအတွက် ရောက်အောင် ပွားနေသဖြင့် တစ်ပတ်ကျော်မှ ဖျားခြင်းဖြစ်သည်။ ဒီအခါမှာ တစ်ပတ်ကျော်က ကိုက်ခဲ့သောခြင်ကို သတိမရနိုင်၊ တစ်ပတ်ကျော်က စိမ့်စမ်းရေသောက်တာ၊ ချိုးတာက ဘယ်လိုမှ မေ့မရသေး။ လူကြီးတွေကလည်း မှာထားဖူးသည်လေ၊ စိမ့်စမ်းရေမသောက်နဲ့၊ မချိုးနဲ့ ငှက်ဖျားဖြစ်မည်။ ဒါနဲ့ပဲ ငှက်ဖျား ရောဂါ ကူးစက်စေသော တရားခံအစစ် "ခြင်"သည် ပျောက်ခဲ့ရပြီး စိမ့်စမ်း ရေသောက်ခြင်း၊ ချိုးခြင်းက တရားခံဖြစ်ခဲ့ရသည်။

တောရွာတွေမှာ အနီးရှိ စိမ့်စမ်းချောင်းတွေကို တစ်နှစ်ပတ်လုံး သောက်ချိုးနေတာပဲ၊ ငှက်ဖျားရောဂါဟာ ခြင်ပေါတဲ့ မိုးဦးကျရာသီ၊ မိုးအကုန် ဆောင်းအကူး ကျမှ များလာတာကို သတိထားမိမှာပါ။

နောက် လွဲမှားနေတဲ့ အယူအဆတစ်ခုကတော့ ငှက်ဖျားရောဂါဟာ ငှက်ပျောသီး၊ သင်္ဘောသီး၊ မျှစ် စားလို့ဖြစ်သည်တဲ့။ လူထုကလည်း သူတို့အတွေ့အကြုံ အခြေခံပြီးပြောတာ မှန်သလိုလိုတော့ ရှိသည်။ သို့သော် မှားနေသည်။ အယူအဆမှန်ပါက ဘယ်နေရာမှာမဆို မှန်ရမည်ပေါ့။ ဘာကြောင့် မဟာရန်ကုန်၊ မန္တလေး စတဲ့ မြို့ကြီးတွေက လူတွေ ငှက်ပျောသီး၊ သင်္ဘောသီး၊ မျှစ်စားနေကြတာ ငှက်ဖျားမဖြစ်ကြသလဲဆိုတာ ဆန်းစစ်ကြည့်လျှင် အယူအဆ မမှန်ကြောင်း သိနိုင်သည်။ ငှက်ဖျားဒေသတွေမှာ အနေကြာတော့ ငှက်ဖျားပိုးကို လူက ခံနိုင်ရည်ရှိလာသည်။ ဒါမှမဟုတ် ငှက်ဖျားလူနာက ဆေးကို စနစ်တကျ မသောက်၊ အဖျားတော့ ကျသွားသည် ဒါပေမယ့် ငှက်ဖျားပိုးက မပျောက်၊ ငုပ်နေခြင်းသာ ဖြစ်သည်။ သည်အချိန်မှာ ငှက်ပျောသီး၊ သင်္ဘောသီး၊ မျှစ်စားမိရင် ဒီအစားအစာတွေထဲမှာ ပါတဲ့ PABA(Para-amino-benzoic-acid)ဓာတ်က ငှက်ဖျားပိုးရဲ့အာဟာရ ဖြစ်နေပြီး ငှက်ဖျားပိုးပွားဖို့ PABAလိုသည်။ သည်တော့ PABAဓာတ်ရပြီး ငှက်ဖျားပိုးတွေ များလာသည်။ ခေါင်းထောင်လာသည်၊ အဖျားပြန်တက်သည်။ ငှက်ပျောသီး၊ သင်္ဘောသီးစား၍ ငှက်ဖျားဖြစ်မည်ဟု လွဲမှားစွာ ယူဆကြသည်။ အမှန်က စနစ်တကျ မကုသဖြင့် ငုပ်နေသော ငှက်ဖျားပိုးများ ပြန်ကြွလာခြင်းသာ ဖြစ်သည်။ ငှက်ဖျားပိုးကို စနစ်တကျ ပျောက်အောင် ကုထားသူသည် ငှက်ပျောသီး၊ သင်္ဘောသီး၊ မျှစ်မှမဟုတ် စားချင်တာစား ငှက်ဖျား ပြန်မပေါ်နိုင်ပါ။

တချို့သူတွေမှာ အတွေးတွေ ရောနေသည်။ ဇဝေဇဝါဖြစ်နေသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လည်းကောင်း၊ စာပေ၊ ရုပ်ရှင်များမှ လွှမ်းမိုးခဲ့၍လည်းကောင်း ငှက်ဖျားကို စိမ့်စမ်းရေသောက်လို့၊ ငှက်ပျောသီး၊ သင်္ဘောသီးစားလို့ဟု ယူဆနေသည်။ ဒါပေမယ့် ရွာမှာ ငှက်ဖျားအဖြစ်များလာရင် ငှက်ဖျားဌာနကို ခြင်ဆေးဖျန်းပေးရန် တောင်းဆိုကြသည်။ တချို့သူတွေ ငှက်ဖျားခြင်ကြောင့် ဖြစ်တယ်ဆိုတာ ထပ်တလဲလဲ ကြားပါများ၍ နားယဉ်ပါးသည်။ ဒါကြောင့် ငှက်ဖျားဘာကြောင့် ဖြစ်သလဲ မေးတော့ ခြင်ကိုက်လို့ ဖြေမည်။ ဘယ်လို ကာကွယ်မလဲ မေးတဲ့အပိုင်းရောက်တော့ ရေကို ကျိုချက်သောက်မည် ဖြေသည်။ အစားအသောက် ဆင်ခြင်မည်ဟု ဖြေသည်။ ဒုံရင်း ဒုံရင်း ပြန်ရောက်သွားသည်။

ရွာများ ရောက်တိုင်း လက်ဖက်ရည်ကြမ်းဝိုင်းမှာရော၊ ကျောင်းဆရာ၊ ဆရာမများရော၊ ရွာလူထုစုတော့ရော အထက်ပါအတိုင်း ရှင်းပြရသည်။ လွယ်လွယ်နှင့်တော့ မရ။ ထပ်တလဲလဲ ပညာပေးရသည်။ ဆက်၍လည်း ပညာပေးရဦးမည်။ ငှက်ဖျားရောဂါ မည်သို့မည်ပုံ ကူးစက်သည်ကို သိရှိလက်ခံမှသာ ကာကွယ်ရေးအပိုင်း ပညာပေး၍ လွယ်ကူမည်ဖြစ်ပါသည်။

ငှက်ဖျားရောဂါ ကူးစက်ရခြင်းသည် စိမ့်စမ်းရေ သောက်ချိုး၍ မဟုတ်၊ ငှက်ပျောသီး၊ သင်္ဘောသီးစား၍ မဟုတ်၊ ငှက်ဖျားပိုးပါသော ခြင်ကိုက်၍ ဖြစ်ပါကြောင်း ပြည်သူလူထုများက သိရှိသဘောပေါက်ကြပြီး ခြင်မကိုက်အောင် နေထိုင်ခြင်း၊ ခြင်ကို နှိမ်နင်းကြခြင်းဖြင့် ငှက်ဖျားရောဂါ ကင်းဝေးအောင် နေထိုင်ကြပါရန် ဤဆောင်းပါးဖြင့် တိုက်တွန်းအပ်ပါသည်။ ။

အလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ လမ်းညွှန်ချက်အရ ၂၀၀၄ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ကြီးမှူး၍ ILBC ဖလား အလွတ်တန်းပိုက်ကျော်ခြင်း (REGU) ပြိုင်ပွဲကို ရန်ကုန်မြို့ ILBC အားကစားရုံအမှတ်(၉၉၉) သုမင်္ဂလာအိမ်ရာ သုဝဏ္ဏ၌ ဇွန် ၂၇ရက် မှ ၃၀ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်ခွင့်မရှိ

စခန်းသွင်းလေ့ကျင့်နေသော မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခွင့်မရှိဘဲ အသင်းဝင်ကြေး ကျပ်၁၀၀၀ သတ်မှတ်ထားသည်။

ဆုကြေး

ဆုကြေးအဖြစ် ပထမကျပ်နှစ်သိန်း၊ ဒုတိယ ကျပ်တစ်သိန်းငါးသောင်း၊ တတိယ ကျပ်တစ်သိန်းနှင့် စတုတ္ထ ကျပ်ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံးနှင့် ILBCရုံး သုဝဏ္ဏသို့ ဇွန် ၂၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် သိရှိလိုသော အချက်များကို ဖုန်း–၅၇၇၄၆၁နှင့် ၅၇၈၁၇၁ တို့သို့ စုံစမ်းမေးမြန်းနိုင်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်း အောင်သိဒ္ဓိ၊ အောင်မင်္ဂလာလမ်း အမှတ်(၁၈)နေ နှစ်ဖက်သော မိဘများနှင့် ကွယ်လွန်သူ ခင်ပွန်း ဦးလှမြင့်(ခ) ဦးကောင်းမြတ်အား ရည်စူး၍ ဒေါ်မြမြအေးနှင့် သားသမီး၊ မြေးတစ်စုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မလေးရှားသို့ ထွက်ခွာ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ မေ ၆ရက်မှ ၈ရက်အထိကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးနှင့် (၂၁)ကြိမ်မြောက် အာရှဘောလုံးအဖွဲ့ချုပ် ကွန်ဂရက်သို့တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆–၅–၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Myanmar Economic Reforms (1989-1996) (ပြည်သူ့ရေးရာ)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြု ဒို့ရှေးရှု
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း–၁၈)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း–၁၄)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ ဖွင့်ပွဲကျင်းပ ကုမ္ပဏီ ၁၄၀မှ ပြခန်း ၁၇၅ခန်း ခင်းကျင်းပြသ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ မြန်မာနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီ ၄၅မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Parnpree Ban Hiddha Nukara၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphat Dhirakasoh ၊ ထိုင်းနိုင်ငံ သံရုံး ကုန်သွယ်ရေးဌာန သံမှူး H.E. Mr. Suphot Dhirakaosal၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပို့ကုန်မြှင့်တင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် H.E. Ms. Pimpaphan Chansilp၊ မြန်မာ–ထိုင်း ယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်သန်း (အငြိမ်းစား)နှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ မြန်မာတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ၊ ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်ကုန်သွယ်မှု ဗဟိုဌာန မြေညီထပ်၌ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Parnpree Ban Hiddha Nukara က နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ ခင်းကျင်းပြသခြင်းနှင့်ပတ်သက်၍ နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် အခမ်းအနားသို့ ကြွရောက်လာကြသူများက နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄တွင် ကုမ္ပဏီပေါင်း ၁၄၀တို့က ပြခန်းပေါင်း ၁၇၅ခန်းတို့တွင် ခင်းကျင်းပြသထားသည့် ကားပစ္စည်းများ၊ အပိုပစ္စည်းများ၊ ဓာတုဗေဒ ပစ္စည်းများ၊ ကလေးကစားစရာပစ္စည်းနှင့် အိမ်ဆောက် ပစ္စည်းများ၊ ဆံကေသာအလှကုန် ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ ဖျော်ရည်ယမကာများ၊ ပရိဘောဂပစ္စည်းများ၊ ဖက်ရှင်သုံး အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အိမ်သုံးပစ္စည်း၊ မီးဖိုဆောင်သုံးပစ္စည်း၊ သားရေထည်ပစ္စည်းများ၊ ဖိနပ်များ၊ တွင်ခုံနှင့်ပတ်သက်သော စက်ကိရိယာပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သန့်ရှင်းရေးဝန်ဆောင်မှု ပစ္စည်းများ ခင်းကျင်းပြသထားသည်ကို လိုက်လံကြည့်ရှုကြသည်။

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဖွင့်လှစ်ပေး

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နဝမအကြိမ် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ဖွင့်ပွဲ အခမ်းအနားတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝယ်ယူအားပေးနိုင်

အဆိုပါ ပြပွဲကို မေ၅ရက်နှင့် ၆ရက်တို့တွင် လုပ်ငန်းရှင်ကြီးများအား အခမဲ့ဝင်ခွင့်လက်မှတ်များကို ပြခန်းရှေ့ရှိ TTF Co., Ltd ရုံးခန်း၌ ထုတ်ယူ၍ ဝင်ရောက်ကြည့်ရှု ဝယ်ယူအားပေးနိုင်ပြီး မေ ၇ရက်၊ ၈ရက်တို့တွင် ဝင်ခွင့်လက်မှတ်မပါဘဲ စိတ်ပါဝင်စားသူ မည်သူမဆို နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၆နာရီအထိ ဝင်ရောက်ကြည့်ရှု ဝယ်ယူအားပေးနိုင်သည်။

(သတင်းစဉ်)

World Red Cross Day-2004

ကမ္ဘာ့ကြက်ခြေနီနေ့

ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏စိတ်ထားမှန်

STOP DISCRIMINATION

၂၀၀၄ ခုနှစ်၊ မေလ (၈) ရက်

မြန်မာနိုင်ငံကြက်ခြေနီအသင်း

တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၀၄ ခုနှစ် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ ဦးသန်းမောင်(သန်းမောင်)နှင့် အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ (ရွှေစွန်ညို)က ဆောင်ရွက်သည်။ ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားသည်။

ဆောင်ရွက်ထားရှိ

ဆက်လက်၍ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ ကြိုဆိုနေရာချထားရေး၊ သယ်ယူပို့ဆောင်ရေး၊ စီမံခန့်ခွဲရေး၊အခမ်းအနားပြင်ဆင်ရေး၊ ဆုံးဖြတ်၊ မှတ်တမ်း၊ ကျန်းမာရေးနှင့် သက်သာရေး၊ဟောပြောဆွေးနွေးရေး၊ ဧည့်ခံရေးနှင့် ကြိုဆိုနေရာချထားရေး၊ လုံခြုံရေး၊ ဖိတ်ကြားရေးလုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးကြသည်။

ကြိုတင်ပြင်ဆင်

ထို့နောက် သဘာပတိက ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြုလုပ်ကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့

ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်

မေလ(၁၁)ရက်မှ(၁၃)ရက်

ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း

ရန်ကုန်မြို့

တတိယအကြိမ် စာပေညီလာခံ ဂုဏ်ပြု အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၂၀၀၄ခုနှစ် မေလတွင်ကျင်းပမည့် တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း–တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်)နှင့် အလှူရှင်များ တက်ရောက်ကြသည်။

အလှူငွေပေးအပ်ပွဲတွင် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း)(မြင်းမူမောင်နိုင်မိုး)က ငွေကျပ် ၁၀၀၀၀၀၊ တိုက်ကြီးမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ရေတာရှည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၅၀၀၀၊ ဦးထွန်းရည်(မွန်စာပေ) မိုးပန်းမွှန်(ရာမည) မိသားစုက ငွေကျပ် ၅၀၀၀၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ မြတ်ဝေတိုး(ပညာရေးတက္ကသိုလ်)က ငွေကျပ် ၅၀၀၀၊ မောင်မောင်ကြီးမြင့်(ဥက္ကလာ)နှင့် ပန်းမျိုးခင်တို့က တန်ဖိုးငွေကျပ် ၃၀၀၀၀ရှိ ဂျာနယ်စုံ အစောင် ၂၈၀ကို ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက အမှတ်–၅၂၉/၅၃၁၊ ကုန်သည်လမ်းနှင့်(၃၇)လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း–၂၅၄၁၇၃၊ ၂၅၂၄၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအား ဂုဏ်ပြုသောအားဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီး အုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး)က ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံယူစဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ပူဇော်ကန်တော့စဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်နှင့် မဘိမ်းမြို့နယ်များ၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ်များ၏ စိုက်ပျိုးရေးနှင့် ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ သစ်ထုတ်လုပ်ငန်း အခြေအနေ၊ သဘာဝသယံဇာတများ ရှာဖွေနိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားလုပ်ငန်း၊ တာတမံလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်က မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်မှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ ဆည်မြောင်း၊ သစ်တော၊ ပညာရေး၊ ကျန်းမာရေး၊ဆောက်လုပ်ရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် ခရိုင်နှင့်မြို့နယ်အဆင့် တာဝန်ရှိသူများက မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ဆည်မြောင်းလုပ်ငန်းများ အပါအဝင် ကဏ္ဍအလိုက် မြို့နယ်တာဝန်ခံများ၏ ဆောင်ရွက်နေမှုနှင့် ပတ်သက်ပြီး သိလိုသောအချက်များကိုမေးမြန်း၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ ဒေသတာဝန်ခံ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများလိုက်ပါလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့သို့ လာရောက်ပြီး မိုးမိတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ၏ လူနေမှုအဆင့် တိုးတက်မြင့်မားရေးတို့အတွက် နိုင်ငံတော်အပိုင်းက ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ပံ့ပိုးပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

ယခု မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးပြီး မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အပါအဝင် ဒေသဖွံ့ဖြိုးရေး တိုးတက်ဖြစ်ထွန်းစေရန် ပံ့ပိုးပေးဖွယ်ရာများကို ဖြည့်ဆည်းပေးခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်တာဝန် စတင်ယူစဉ်ကပင် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်ခဲ့ပြီး တည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သည့် နယ်စပ်အစွန်အဖျားဒေသများ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရန် အင်နှင့်အားနှင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပြီး တစ်ချိန်တည်းမှာပင် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းများကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

ဒေသကြီး ၂၄ခု

ဤကဲ့သို့ ဆောင်ရွက်မှုကြောင့် နယ်စပ်ဒေသများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် နည်းတူ

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်နှင့်အညီ တိုင်းရင်းသားများ စည်...
သို့မှသာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားပြီး ပြည်ထော...

ကျန်ဒေသများတွင်လည်း ဖွံ့ဖြိုးမှုနောက်ကျပြီး ကွက်လပ်အဖြစ် ကျန်မနေရအောင် ဖွံ့ဖြိုးရေး ဒေသကြီး ၂၄ခု သတ်မှတ်ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိုကဲ့သို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ဖွံ့ဖြိုးရေးဒေသ ၂၄ခု စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဆက်တည်းမှာပင် ကျေးလက်ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးလာစေရန် အဓိကအကောင်အထည်ဖော် ဆောင်ကြရမည့်သူများမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများပင်ဖြစ်ကြောင်း။

သိရှိအောင်လေ့လာ

နိုင်ငံတော်က ချမှတ်ပေးထားသည့် စီမံကိန်းများ၊ ရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ရမည့်သူများမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ခံများပင် ဖြစ်ကြောင်း၊ မိမိတို့ မြို့နယ်အတွင်း ကျေးလက်ဒေသများသို့ အရောက်သွားပြီး ကျေးလက်ဒေသနေ ပြည်သူများ၏ သဘောထားနှင့် လိုလားချက်များကို ကိုယ်တိုင်သိရှိအောင် လေ့လာပြီး ဆောင်ရွက်သင့် ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ ပြည်သူများ၏ လေးစားအားကိုးမှုရရှိအောင် စေတနာအား၊ ဝီရိယအားတို့ဖြင့် ပေါင်းစပ်ပြီး ပြည်သူများနှင့် တစ်သားတည်း ကျင့်ကြံအားထုတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ထို့ပြင် မြို့နယ်အတွင်း ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စသည့် စေတနာ့ဝန်ထမ်းလူမှုရေးအသင်းအဖွဲ့များ၏ အားကိုရယူလျက် မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မှန်ကန်သော ဦးဆောင်မှု၊ စီမံခန့်ခွဲမှုတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ ဤလူမှုရေးအသင်းအဖွဲ့များမှာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုသည့် ခံယူချက်ဖြင့် ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များဖြစ်သည်ကို သိရှိသဘောပေါက်ရန်လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိုးမိတ်မြို့ခန်းမတွင် မိုးမိတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံပွဲတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အထူးအရေးကြီး

ထို့ပြင် မြန်မာနိုင်ငံသည် တိုင်းရင်းသား မျိုးနွယ်စု ၁၀၀ကျော် စုပေါင်းနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်နှင့်အညီ ပြည်ထောင်စု တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရှိရန် အထူးအရေးကြီးကြောင်း၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိမှသာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူ ဌာနဆိုင်ရာများ အနေဖြင့် ဤသဘောတရားကို သိရှိပြီး မိမိတို့ဒေသနေ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရေးတို့အတွက် တာဝန်သိသိ၊ စေတနာရှိရှိ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဝမ်းစာဖူလုံ

၎င်းအပြင် မိုးမိတ်လွင်ပြင်သည် အလွန်ကျယ်ပြန့်ပြီး ရေမြေသဘာဝပေါကြွယ်ဝသဖြင့် ဝမ်းစာဖူလုံပြည့်စုံမှုရှိခြင်းကြောင့် လယ်ယာမြေလွတ်တွင် အရည်အသွေးကောင်း စပါးမျိုးများ တိုးမြှင့်စိုက်ပျိုးရေး၊ မြို့နယ်အတွင်းရှိ ကြိုးဝိုင်းသစ်တောများ ထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင် မပျက်မယွင်းအောင် ကာကွယ်ရေးတို့ကိုပါ ဆောင်ရွက်ကြရန်၊ တစ်ဆက်တည်းမှာပင် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရေးကိုပါ မှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးမိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ညောင်ပင်စောက် အခြေခံပညာအထက်တန်းကျောင်းများအတွ... ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်န... ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆို... ရာ ကျောင်းအုပ်ကြီးများသို့ ပေးအ... သည်။

ထို့နောက် အမျိုးသား ကျန်းမာရေး... ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော... ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်... မိုးမိတ်မြို့ ပြည်သူ့ဆေးရုံအတွ... ဆေးပဒေသာပင် အလှူငွေများနှ... ဆေးပစ္စည်း ၂၈မျိုးတို့ကို မြို့နယ်... ဆရာဝန်အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချ... ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်... အတွက် ထောက်ပံ့ရေးပစ္စည်းများ... မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့... ရေးကောင်စီဥက္ကဋ္ဌအား ပေးအ... သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချ... ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒေသ... ရှမ်းတိုင်းရင်းသား ဦးချစ်ဖွယ်... ဂါရဝပြု လက်ဆောင်ပေးအပ်... အခမ်းအနားကို ရုပ်သိမ်းလိုက်သည်...

ထိုမှတစ်ဆင့် နိုင်ငံတော... ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှ... အဖွဲ့ဝင်များသည် မိုးမိတ်မြို့ ပုဗ္ဗာ... ကျောင်းတိုက်သို့ သွားရောက်၍ နိုင်... တော် သံဃမဟာနာယက အဖွဲ့ဝ... အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇဝ... အမှူးပြုသော မြို့ပေါ်ကျောင်းတို... များမှ ဆရာတော်များအား ပူဇေ... ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ... ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော... ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှ... အဖွဲ့ဝင်များသည် မော်တော်ယာ... များဖြင့် မိုးမိတ်မြို့ ဖွံ့ဖြိုးတိုးတက်... အခြေအနေများကို ကြည့်ရှုသည်၊...

ရွှေလေ့လာစူးစမ်း

ထိုမှတစ်ဆင့် နိုင်ငံတော... ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှ... အဖွဲ့ဝင်များသည် ရှမ်းပြည်နယ... အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးေ... ကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှ... ဗိုလ်ချုပ်မြင့်လှိုင်နှင့် ကချင်ပြည်နယ... အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးေ... ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချ... မောင်မောင်ဆွေတို့ လိုက်ပါလျ... ရွှေလီရတနာ သယံဇာတ ရှာဖွေထု... လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပ... လီမိတက် မိုးမိတ်မြို့နယ်ရှိ မြို့လ... တောင်ဒေသ ရွှေထွက်ရှိမှုပဏာ... လေ့လာစူးစမ်းရေးခန်းသို့ ရောက်...

(6-5)KM.P65 8 6/5/04, 1:59 AM

ပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများသို့ ပေးအပ်သည်။

ထို့နောက် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးမိတ်မြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများနှင့် ဆေးပစ္စည်း ၂၈မျိုးတို့ကို မြို့နယ်ဆရာဝန်အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အတွက် ထောက်ပံ့ရေးပစ္စည်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒေသခံရှမ်းတိုင်းရင်းသား ဦးချစ်ဖွယ်က ဂါရဝပြု လက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မိုးကုတ်မြို့ ဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်း ကပ်လှူပူဇော်စဉ်။ (သတင်းစဉ်)

သည်နှင့်အညီ ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ စေတနာကို သိရှိသဘောပေါက်ပြီး မိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် တက်ညီလက်ညီ ပါဝင်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

သွက်သွက်လက်လက်

ဌာနဆိုင်ရာများ အပိုင်းကလည်း နိုင်ငံတော်က ဗဟိုနှင့် ဒေသဆိုင်ရာ ဘ၀ မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အလေးထားဆောင်ရွက်

ထို့ပြင် မိမိတို့မြန်မာနိုင်ငံတော်ကြီးတွင် တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ကျော် အတူတကွ စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်သည်နှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုပါ အလေးထားဆောင်ရွက်ကြဖို့ လိုကြောင်း၊ သို့မှသာ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ပြီး ပြည်ထောင်စုကြီး အခွန့်ရှည် ခိုင်မြဲမည်ဆိုသည့် ခံယူချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့အပြင် ပညာရေး၊ ကျန်းမာရေးတာဝန်ရှိသူများ၊ လမ်းပန်းဆက်သွယ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရပ်မိရပ်ဖ ဦးမြင့်လှိုင်က ဂါရဝပြုလက်ဆောင်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မိုးကုတ်မြို့သို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်း မိုးကုတ်မြို့သို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဘိမ်းမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

...ရင်းသားများ စည်းလုံးညီညွတ်မှုရှိရန် အထူးအရေးကြီး ...ပြီး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မဘိမ်းမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဖွဲ့ဝင်များသည် မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇဝန္တ အမှူးပြုသော မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များအား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မိုးမိတ်မြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုသည်။

ရွှေလေ့လာစူးစမ်း

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေတို့ လိုက်ပါလျက် ရွှေလီရတနာ သယံဇာတ ရှာဖွေထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် မိုးမိတ်မြို့နယ်ရှိ မြို့လယ်တောင်ဒေသ ရွှေထွက်ရှိမှုပဏာမ လေ့လာစူးစမ်းရေးစခန်းသို့ ရောက်ရှိကြသည်။ ရှေးဦးစွာ လုပ်ငန်းခွင် ရှင်းလင်းဆောင်၌ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရွှေပဏာမ လေ့လာစူးစမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

မဘိမ်းမြို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မဘိမ်းမြို့သို့ ရောက်ရှိကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မဘိမ်းမြို့ အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ စပါးစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးများ ဆောင်ရွက်နေမှု၊ လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် မြို့နယ်အဆင့် တာဝန်ရှိသူများက မြို့နယ်၏ စိုက်ပျိုးရေး၊ သစ်တောလုပ်ငန်း၊ လမ်း၊ တံတားလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်ဌာနဆိုင်ရာတာဝန်ခံများ၏ လုပ်ငန်းတာဝန်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး သိလိုသည်များကို မေးမြန်းပြီး ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ အမှာစကားပြောကြားရာတွင် ယနေ့ မိမိနှင့်အဖွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသနေတိုင်းရင်းသားပြည်သူများ၏ စီးပွားရေးတိုးတက် ဖြစ်ထွန်းလာစေရန် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းပေးရန် လာရောက်ကြခြင်း ဖြစ်ကြောင်း။

မဘိမ်းမြို့နယ်အနေဖြင့် ရေမြေသဘာဝ ကောင်းမွန်သည့်အတွက် ဒေသဝမ်းစာ ဖူလုံသည့်အပြင် ပိုလျှံမှုရှိသည်ကို တင်ပြချက်များအရ သိရှိရကြောင်း၊ ဆန်စပါးအပြင် အခြားသီးနှံများလည်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မြို့နယ်တစ်ခု ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ထုတ်လုပ်စိုက်ပျိုးနိုင်ခြင်းဖြင့် မိမိတို့ အကျိုးစီးပွားဖြစ်ထွန်းစေပြီး နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းစေမှာဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး ကုန်ထုတ်ပစ္စည်းများ ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

အဖိုးတန်ကျွန်းသစ်

မဘိမ်းမြို့နယ်သည် အဖိုးတန်ကျွန်းသစ်တောများရှိသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း၊ အဖိုးတန် သယံဇာတ သစ်တောများကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း၊ စနစ်တကျ သစ်ထုတ်လုပ်ခြင်း၊ ပြန်လည်အစားထိုး စိုက်ပျိုးခြင်းတို့ကို ဟန်ချက်ညီအောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ မိမိတို့ ဘိုးဘွားများလက်ထက်က ပြုစုပျိုးထောင်ခဲ့သည့် အဖိုးတန် သစ်တောသယံဇာတများကို နောင်သားစဉ်မြေးဆက်တိုင်အောင် အကျိုးရှိရှိ အသုံးပြုနိုင်အောင် မိမိတို့က စနစ်တကျ ဆက်လက်စီမံဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်က နိုင်ငံခြားငွေ အပါအဝင် ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ဒေါ့တံတားကြီးကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့်အတွက် မဘိမ်းမြို့နယ်၏ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာ

ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးယန္တရားများကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်သည်နှင့်အညီ အဆင့်ဆင့်သော အုပ်ချုပ်ရေးယန္တရားများ သွက်သွက်လက်လက်နှင့် မှန်မှန်ကန်ကန် လည်ပတ်အောင် စနစ်တကျ စီမံဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ချမှတ်ထားသည့် စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ပေါ်လာရေးမှာ မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် အဓိကကျကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေ တိုင်းရင်းသားပြည်သူများ လူနေမှုဘဝ တိုးတက်မြင့်မားအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ ပင်မလုပ်ငန်း တာဝန်များကို စေတနာအား၊ ဝီရိယအား ပေါင်းစပ်ပြီး အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်ကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်သွားကြရန် ညွှန်ကြားထားပြီးဖြစ်၍ သူ့တာဝန်၊ ကိုယ့်တာဝန် မခွဲဘဲ စုစုစည်းစည်း စီမံခန့်ခွဲ ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် မြို့နယ်အတွင်း ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ အားကိုပါ ရယူလျက် ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ လူနေမှုရေး တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာ တာဝန်ရှိသူ အသီးသီးကလည်း မိမိတို့၏ တာဝန်ပိုင်းဆိုင်ရာများကို ဆောင်ရွက်ရမှာ ဖြစ်သကဲ့သို့ ဗဟိုက ချမှတ်ပေးသည့် စီမံချက်၊ စီမံကိန်းများ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးကိုပါ ကြိုးပမ်းကြရန် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဘိမ်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မဘိမ်းမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေနှင့် ဆေးပစ္စည်း ၂၈မျိုးတို့ကို မြို့နယ်ဆရာဝန်အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြို့နယ်အတွက် ထောက်ပံ့ရေးပစ္စည်းများကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ မင်းဘုရားတောင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ချမ်းသာကြီး မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီး ချမ်းသာကြီးမြတ်စွာဘုရားအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ချမ်းသာကြီးစေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ဖောင်တော်ဦး မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဖောင်တော်ဦး မြတ်စွာဘုရားအား ရွှေသင်္ကန်း ကပ်လှူပူဇော်ပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းလုပ်ငန်း နိုင်ငံတော်အတွက် အလွန်အရေးကြီး မြေယာအသုံးချမှု အထူးဂရုပြုဆောင်ရွက်

ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၏ ၂၀၀၃-၂၀၀၄ ခုနှစ် လုပ်ငန်းသုံးသပ်ခြင်း အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် အမှာစကား ပြောကြားစဉ်။

(လယ်/ဆည်)

ရန်ကုန် မေ ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ယမန်နေ့နံနက် ၁၀နာရီတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသော အဆိုပါဦးစီးဌာန၏ ၂၀၀၃-၂၀၀၄ခုနှစ် လုပ်ငန်းသုံးသပ်ခြင်းနှင့် ၂၀၀၄-၂၀၀၅ ခုနှစ် လုပ်ငန်းညှိနှိုင်းခြင်း အစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

ယင်းအစည်းအဝေးသို့ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်နှင့် ရုံးချုပ်မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပြည်နယ်၊တိုင်းများမှ ဦးစီးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနက ယခုဆောင်ရွက် နေသော လယ်ယာသန်းခေါင်းစာရင်းလုပ်ငန်းသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးကြောင်း၊ မြေကြီးမြေပုံမှန်ကန်ရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ မှန်ကန်ရေး အရေးကြီးကြောင်း၊ သစ်တောမြေမှအပဖြစ်သော လယ်ယာ စိုက်ပျိုးမြေ၊ မြို့ရွာမြေအစရှိသည့် မြေယာတန်ဖိုးများ တိုးတက်မြင့်မားလာသည့်အလျောက် ပြည်နယ်/တိုင်း ဦးစီးမှူးများက အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ မြေယာမှုခင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှန်ကန်မြန်ဆန်အောင် စစ်ဆေးဆောင်ရွက်ပေးကြရမှာ ဖြစ်ကြောင်း၊ လယ်ယာမြေကို အခြားနည်း အသုံးပြုမှုများအတွက် မြေစာရင်း ဝန်ထမ်းများက အခြေအနေမှန်ကို စိစစ်သုံးသပ်တင်ပြကြရန် ဖြစ်ကြောင်း၊ ဒေသအလိုက် စီမံကိန်းလျာထားချက်များအပေါ် အမှန်ဆောင်ရွက်နိုင်မှု အခြေအနေကို မြေပုံစာရင်းဇယားများဖြင့် စိစစ်တင်ပြကြရန်လိုအပ်ကြောင်း၊ မိမိတို့တာဝန်ယူနေသည့် ဒေသအတွင်းရှိ မြေယာစီမံခန့်ခွဲမှု၊ မြေယာ အသုံးချမှုနှင့်ပတ်သက်၍ အထူးဂရုပြု ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်မှာကြားကာ နံနက် ၁၁နာရီတွင် အစည်းအဝေးကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုးမှု ပြည့်အကျိုး

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် မေ ၅

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် စိန်ရတုခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲကို လာရောက် ကြည့်ရှုအားပေးသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်သည် ပညာရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့် အတူ အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင် အထည်ဖော်မှုပြပွဲ ကျင်းပသည့် စိန်ရတု ခန်းမမြေညီထပ်ရှိ အခြေခံပညာကဏ္ဍ အထူးလေးနှစ်စီမံကိန်း အကောင် အထည်ဖော်မှုပြခန်းများကို လည်းကောင်း၊ ဒုတိယထပ်ရှိ ICT Development ပြခန်းနှင့် ပညာရေး ပတ်ဝန်းကျင်နှင့် ပညာရေးဆိုင်ရာ အဆောင်အယောင်များ ပြခန်းများ ကိုလည်းကောင်း၊ တတိယထပ်ရှိ အဆင့်မြင့်ပညာကဏ္ဍ အထူးလေးနှစ် စီမံကိန်းအကောင်အထည်ဖော်မှုပြခန်း တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးရာ သက်ဆိုင်ရာ ပြခန်း တာဝန်ခံများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က လိုအပ်သည် များကို သက်ဆိုင်ရာ တာဝန်ရှိသူများ အား မှာကြားသွားသည်။

(သတင်းစဉ်)

အမျိုးသမီးဆရာဝန်များအဖွဲ့ ရန်ပုံငွေရုပ်ရှင်ပြပွဲ ပြသမည်

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း (အမျိုးသမီး ဆရာဝန်များအဖွဲ့)မှ သက်ကြီးဆရာဝန်များအားကန်တော့ပွဲရန်ပုံငွေအတွက် သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ မေ ၈ရက် (စနေနေ့) နံနက် ၈နာရီတွင် "အမေ့နို့ဖိုး" ရုပ်ရှင်ဇာတ်ကားကို လည်းကောင်း၊ မေ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင်"စတိုင်"ရုပ်ရှင်ဇာတ်ကား ကိုလည်းကောင်း ပြသမည်ဖြစ်ပြီး လက်မှတ်များကို သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

ဝမ်းတွင်း၊ နွားထိုးကြီးနှင့်ပျဉ်းမနားတို့၌ ကျေးလက်စက်ရေတွင်း ဖွင့်ပွဲများကျင်းပ

ရန်ကုန် မေ ၅

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ဆောင်ရွက်သော ရွာတန်း ကျေးရွာအုပ်စု တောင်ဇောင်ချမ်း ကုန်းကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ရက်တွင် ကျင်းပ ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောထွန်းစိန် တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြ သည်။

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် တွင် စက်ရေတွင်းသုံးတွင်း၊ လက်နှိပ် တုံကင်တွင်း ၃၃တွင်း၊ အလှူရှင် စက်ရေတွင်းနှစ်တွင်းတို့ကို ကျေးရွာ၃၈ ရွာ၌အကောင်အထည်ဖော်ဆောင်ရွက် ပေးခဲ့သည်။

အလားတူ နွားထိုးကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူရှင် စက်ရေတွင်းဖွင့်ပွဲကို မေ ၂ရက် နံနက် ပိုင်းတွင် လျှော်ဖြူ(တောင်)ကျေးရွာရှိ အလှူရှင်စက်ရေတွင်းနေရာ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြား၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအေးနိုင်က စက်ရေတွင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ရေတွင်းကို ရေတွင်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းထိုက်သို့ လွှဲပြောင်းပေးအပ်သည်။ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်စား ဒေါ်ယဉ် ယဉ်ထွေးက ကျေးဇူးတင်စကား ပြောကြား၍ စက်ရေတွင်းကို မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်အရာရှိ ဦးအေးနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ စက်ရေတွင်းမှာ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှမ်းရိပ်သာလမ်း အမှတ်(၂၄)(က)နေ ဒေါ်ခင်လေးမွန် မိသားစု၏ လှူဒါန်းငွေကျပ် ငါးသိန်း၊ စည်ပင်သာယာရေးဦးစီးဌာနထောက်ပံ့ ငွေ ကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် ရှစ်သိန်း အကုန်အကျခံဆောင်ရွက် ပေးခဲ့ခြင်းဖြစ်သည်။ ထို့အတူ ပျဉ်းမနားမြို့နယ် စည်ပင် သာယာရေး အဖွဲ့၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် အလှူရှင် နှစ်လက်မစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ ၂ရက် နံနက် ပိုင်းတွင် ချိုင်းကျေးရွာဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။ အဆိုပါစက်ရေတွင်းမှာ အလှူရှင်ဖြစ်သူ ဦးလင်းဝင်း၊ ဒေါ်ရီရီ စိန်မိသားစုက ငွေကျပ်ငါးသိန်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် ရှစ်သိန်းဖြင့်အကုန်အကျခံ ဆောင်ရွက် ခဲ့ပြီး တစ်နာရီ ရေဂါလန် ၁၈၀၀နှုန်း ထွက်ရှိကာ သန့်ရှင်းသော သောက်သုံး ရေအဖြစ် အသုံးပြုနိုင်သဖြင့် ကျေးရွာလူ ထု ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိ ကြောင်းသိရသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပမည့် အစီအစဉ်ကြေညာ

ရန်ကုန် မေ ၅

၂၀၀၄ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်း ပန်းချီ၊ကာတွန်း၊ပိုစတာပြိုင်ပွဲနှင့် ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာ Digital Poster ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ကာတွန်းပြိုင်ပွဲကို မေ ၂၅ရက် နံနက် ၉နာရီနှင့် မွန်းလွဲ၁နာရီတို့တွင် မူးယစ်ပြတိုက်၌ လည်းကောင်း၊ ပိုစတာပြိုင်ပွဲကို မေ ၂၆ရက် နံနက်၉နာရီတွင် မူးယစ်ပြတိုက်၌ လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက်၊ အသက်(၁၀)နှစ်မှ(၁၅)နှစ်အောက်၊ အသက်(၁၅)နှစ်မှ (၂၀)အောက်နှင့် အသက်(၂၀)အထက်ဟူ၍ ပြိုင်ပွဲအဆင့်များခွဲခြားထားသည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၂၂ရက် နံနက် ၉နာရီတွင် လှိုင်မြို့နယ် ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပ သွားမည်ဖြစ်ပြီး အလယ်တန်း(၅)(၆)(၇)နှင့် အထက်တန်း(၈)(၉)(၁၀)ဟူ၍ ခွဲခြားကျင်းပသွားမည် ဖြစ်သည်။

ကွန်ပျူတာ Digital Poster ပြိုင်ပွဲကို အသက်(၁၅)နှစ်အထက် မည်သူမဆိုဝင်ရောက် ပြိုင်ပွဲဝင်နိုင်ပြီး မိမိရေးဆွဲထားသည့် Floppy Disk နှစ်ချပ်ကူး၍ ပြိုင်ပွဲပုံစံနှင့်အတူ ကြီးကြပ်ရေးအဖွဲ့ ထောက်ခံချက်ဖြင့် မူးယစ်(ဗဟို)ရုံးသို့ မေ ၂၅ ရက် အရောက် ပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်လျှောက်လွှာပုံစံများကို မေ ၅ ရက်မှ ၁၂ ရက်အတွင်း ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး ကျောက်တံတားမြို့နယ် ဘဏ်လမ်းစုပေါင်းရုံး မြေညီထပ်ရှိ တကယ့်ဖြစ်ရပ်မှန်မှုခင်းဂျာနယ်ရုံးနှင့် သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ထုတ်ယူနိုင်ပြီး မေ ၁၃ရက်မှ ၁၉ရက်အတွင်း အချိန်မီလူကိုယ်တိုင်ပြန်လည်ပေးပို့ ကြရန် ဖြစ်သည်။

လျှောက်လွှာတင်သွင်းသည့်နေ့တွင် ပြိုင်ပွဲဝင်များအတွက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကတ်ပြားကိုလည်း ထုတ်ပေးမည် ဖြစ်သည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲဝင်သူများအနေဖြင့် ကြိုတင်လေ့လာနိုင်ရန် မေ ၂၁ရက် နံနက်၈နာရီတွင် ကွန်ပျူတာ တက္ကသိုလ်သို့ လာရောက်သတင်းပို့ရန်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာ ဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၆။ အဆိုပြိုင်ပွဲ
၈:၀၀ ၇။ အကပဒေသာ
၈:၁၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၂၀ ၉။ ကျောက်ကြီးပေါက်တံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English For Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၇။ **နင်းကြည့်စမ်းပါ (မင်းအုပ်စိုး၊ညီဘွား၊ခင်စိုးပိုင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၅:၄၀ ၈။ တေးဂီတအစီအစဉ်
၅:၅၀ ၉။ မြန်မာစာမြန်မာစကား
၆:၀၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆:၂၀ ၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးနတ်မယ်(အပိုင်း-၁၉)**
၇:၄၀ ၁၅။ တေးဂီတအစီအစဉ်
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း "မေနိုင်း" (အပိုင်း-၁) (ကျော်ဟိန်း၊နန္ဒာလှိုင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂၀ ။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မကွေးတိုင်း အောင်လံမြို့နယ်ရှိ ဘွက်ကြီး တံတားသစ် အကြောင်းနေရာကို ကြည့်ရှုစစ်ဆေးစဉ်။(ဆောက်လုပ်ရေး)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဘွက်ကြီးတံတားသစ် အူကြောင်းနေရာ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့က မကွေးတိုင်း အောင်လံမြို့နယ်ရှိ အသစ်တည်ဆောက်မည့် ဘွက်ကြီးတံတား၏ တံတား အူကြောင်းနေရာကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့အား ဒုတိယအင်ဂျင်နီယာချုပ်(တံတား)ဦးမြင့်လွင်က ချောင်း၏ ရေအတက်အကျ၊ တောင်ကျရေ စီးဆင်းမှုနှင့်မြေနေရာ ရွေးချယ်ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လျာထားချက်နေရာတွင် မြေစမ်းသပ်မှု လုပ်ငန်းများ၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများကို တိတိကျကျ ဂရုတစိုက်ဆောင်ရွက်ကြရန်၊ ရေတိုက်စားမှု လျော့နည်း သက်သာစေရန် ရေလမ်းထိန်းသိမ်းရေးအဖွဲ့နှင့် ညှိနှိုင်း၍ တတ်နိုင်သမျှ တောင်ခြေဘက်သို့ကပ်ပြီး ကွင်းဆင်းကြည့်ရှု၍ လမ်းအူကြောင်း ရွေးချယ်တင်ပြကြရန် တာဝန်ရှိသူများအားမှာကြားခဲ့သည်။ (သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက် မဟာကံထူးရှင်ရွေးချယ်

ရန်ကုန် မေ ၅

မြန်မာဘရူဝါရီလီမိတက် (၅)ကုဋေပြည့် ကံစမ်းမဲအထူးအစီအစဉ်၏ မဟာကံထူးရှင်ရွေးချယ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အလံပြ ဘုရားလမ်းရှိ Grand Plaza Parkroyal Hotel ၌ ကျင်းပရာ မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များ၊ စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြန်မာဘရူဝါရီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အရောင်းမန်နေဂျာ ဦးမြင့်ဇော်က မဟာကံထူးရှင်ရွေးချယ်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များက (၅)ကုဋေပြည့် ကံစမ်းမဲ အထူးအစီအစဉ်၏ မဟာကံထူးရှင်များအား မဲနှိုက်ရွေးချယ်ပေးကြပြီး မြန်မာဘရူဝါရီလီမိတက်မှ General Manager, Mr. David Tang က ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် နောက်ဆုံးအကြိမ် မဟာကံထူးရှင်ရွေးချယ်ပွဲတွင် တစ်နိုင်ငံလုံးမှ သုံးစွဲသူများအတွက် ပထမဆုငွေကျပ်သိန်း ၅၀ ဆု၊ ဒုတိယဆုငွေကျပ် ၂၅ သိန်းဆု၊ တတိယဆုငွေကျပ် ၁၅ သိန်းဆုနှင့် ငွေကျပ် ၁၀ သိန်းဆု၊ ငွေကျပ် ငါးသိန်းဆုနှင့် ငွေကျပ်တစ်သိန်းဆုများအပါအဝင် ဆုမဲပေါင်း ၁၈ ဆုအတွက် ဆုငွေစုစုပေါင်း ချီးမြှင့်ငွေမှာ ငွေကျပ် ၂၄၅ သိန်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာဘရူဝါရီလီမိတက်(၅)ကုဋေပြည့် ကံစမ်းမဲအစီအစဉ်၏ မဟာကံထူးရှင် ရွေးချယ်ပွဲအခမ်းအနားတွင် မြန်မာဘရူဝါရီလီမိတက် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (ကြေးမုံ)

အခြေခံ သံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၅

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၁၀/၂၀၀၄) ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးခင်မောင်ဝင်းနှင့် ဦးကျော်သူ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များကို ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ အပြည်ပြည်ဆိုင်ရာကိစ္စရပ်များကို စိတ်ပါဝင်စားသူ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီ ဝန်ထမ်းများ အပါအဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၆၂ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်(၁၀/၂၀၀၄) ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် စက်ရေတွင်းတူးဖော်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၇နာရီတွင် တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဦးဆောင်မှုဖြင့် အမှတ်(၆)ရပ်ကွက်အတွင်း စက်ရေတွင်းတူးဖော်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား သက်ဆိုင်ရာ တာဝန်ရှိသူများက တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ရပ်ကွက်အတွင်း ရေမီတာတပ်ဆင်အသုံးပြုနိုင်ရန် ရပ်ကွက်နေပြည်သူများက ကိုယ့်အားကိုယ့်ကိုး ဆောင်ရွက်မည့်အခြေအနေနှင့် တကောင်းလမ်းတွင် ကန်ဟောင်းများကို မီးသတ်ရေလှောင်ကန်ပြုလုပ်ပြီး ရပ်ကွက်ပြည်သူများအသုံးပြုရန် ရေတုံကင်များ တပ်ဆင်ပေးမည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရပ်ကွက်နေပြည်သူများအနေဖြင့် ရေကိုလေလွင့်မှုမရှိစေရေး၊ စနစ်တကျဖြင့် သုံးစွဲရေးနှင့် ကျန်ရှိသည့် လိုအပ်သောရပ်ကွက်များနှင့် အခြားမြို့နယ်များတွင်လည်း ရေပိုမိုသုံးစွဲရယူနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

အာဆီယံ ရေဒီယိုဉာဏ်စမ်း ပဟေဠိပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၅

၂၀၀၄ ခုနှစ် ဧပြီလ မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံ ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များဝင်ရောက်ဖြေဆိုကြသည်။ ဖြေဆိုသူများ အနက် ပထမဆုကို မင်္ဂလာဒုံမြို့နယ်မှ မဥမ္မာအေး၊ ဒုတိယဆုကို လသာမြို့နယ်မှ မမိဌေး၊တတိယဆုကိုတောင်ဥက္ကလာပမြို့နယ်မှ မောင်ရဲထွန်းနောင်၊ နှစ်သိမ့်ဆုကို ရန်ကင်းမြို့နယ်မှ မောင်ဇော်ဝင်းထက်တို့က အသီးသီးရရှိပြီး ဆုများကို တာဝန်ရှိသူများက ပေးအပ်သည်။ (သတင်းစဉ်)

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ
အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းပြပွဲ
စိန်ရတုခန်းမ၊ ၂၀၀၄-ခုနှစ်၊မေလ(၄-၇)ရက်

ပရီမီယာလိဂ်ပွဲစဉ် (၃၇)
ဒုတိယအကျော့
ချယ်လ်ဆီးကို မန်ယူ ပြန်အနိုင်ယူမည်လား
အာစင်နယ် သိက္ခာဆည်ကစားမည်လား

အားကစားသတင်းထောက်တစ်ဦး

ရန်ကုန် မေ ၅

ပရီမီယာလိဂ်၏ အဆင့်များသည် ခိုင်ခိုင်မာမာ ပြတ်ပြတ်သားသား ဖြစ်၍သွားပြီဖြစ်သည်။ ပထမ၊ ဒုတိယ၊ တတိယအဆင့်တို့သည် အပြောင်းအလဲမရှိတော့သည့် အနေအထားသို့ ရောက်နေသည်။ တန်းဆင်းဇုန်မှ သုံးသင်းကလည်း အောက်တန်းသို့ဆင်းရန် သေချာနေပြီဖြစ်သည်။

ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရေး ကြိုးပမ်းနေကြသော အသင်းတို့သည်လည်း မျှော်လင့်ချက်ဝေး၍သွားသည်။ အဆင့်(၇) ရောက်နေသော ဘော်လ်တန်သည် အမှတ်တမဲ့ ကြည့်လိုက်လျှင် မျှော်လင့်ချက် ရှိသယောင်ရှိလေသည်။ သို့သော် သေသေချာချာတွက်လိုက်လျှင် ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ရန် အခွင့်အလမ်းနည်းသလောက်ရှိသည်။

မည်သို့ပင်ဖြစ်စေ ပရီမီယာလိဂ်ပြိုင်ပွဲများကိုတော့ ပွဲကုန်သည်အထိ ဆက်လက်ကစားသွားကြဦးမည်ဖြစ်သည်။

မေ ၈ ရက် (စနေနေ့)
မန်ယူ-ချယ်လ်ဆီး

မြန်မာစံတော်ချိန် ညနေ ၆နာရီတွင် ကစားမည်။

အဆင့်(၃) မန်ယူနှင့် အဆင့်(၂) ချယ်လ်ဆီး ကစားမည်။ ရမှတ်များမှာ မန်ယူ ၇၁ မှတ်၊ ချယ်လ်ဆီး ၇၅ မှတ်ဖြစ်သည်။

ဘလက်ဘန်းနှင့်ပွဲတွင် မန်ယူကစားပုံ စိတ်ပျက်ဖွယ်ကောင်းသည်။ ပွဲဖြစ်ရုံ ကစားသွားသည်။ နာမည်ကြီး ကစားသမားများ ဘေးထိုင်ခိုင်းထားသည်။ သို့သော် ချယ်လ်ဆီးက ဆောက်သမ်ပတန်ကို ခြေပြတ်ကစားပြသွားသည်။ နောက်ဆုံးကစားသော ပွဲများကိုကြည့်လျှင် ချယ်လ်ဆီးက မန်ယူထက် ကောင်းနေသည်။ ပုံမှန်ခြေများကိုကြည့်လျှင် မတိမ်းမယိမ်းလောက်ရှိကြသည်။

မန်ယူကွင်းမှာ ကစားမည်။ ပထမအကျော့တွင် ချယ်လ်ဆီးက တစ်ဂိုး-ဂိုးမရှိနိုင်သည်။ ပေးလိုက်ရသည့်ဂိုးမှာ ပိုင်နယ်တီဖြစ်သည်။ မန်ယူကပွတိန် ရှိုင်ကိန်းက ဂျိုးကိုးလ်ကို နောက်ကနေ အသားလွတ် ကန်လိုက်၍ ပိုင်နယ်တီပေးခံရခြင်းဖြစ်သည်။ နောက်ပိုင်းမှာ ဟိုလိုလို ဒီလိုလိုဖြင့် ပွဲပြီးသွားသည်။ ချယ်လ်ဆီးကပဲ ကောင်းသလို၊ မန်ယူကပဲ ညံ့သလိုမျိုး ထင်ခဲ့ကြသည်။ ယခုပွဲတွင် မည်သူနိုင်နိုင်၊ မည်သူရှုံးရှုံး အကြောင်းမထူးပေ။ အကယ်၍ မန်ယူနိုင်ခဲ့လျှင် နောက်ဆုံးပွဲ ဗီလာနှင့်တွေ့မည်။ ချယ်လ်ဆီးကလည်း တန်းဆင်းရမည့် လိဒ်စ်နှင့် ကစားရမည်။ ဤသို့ဆိုလျှင် မန်ယူအနေဖြင့် ဒုတိယရဖို့ မဖြစ်နိုင်တော့ချေ။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ မန်ယူ (+၂၇)၊ ချယ်လ်ဆီး (+၃၆)ဖြစ်သည်။

အောက်ဖော်ပြပါ ပွဲစဉ်အားလုံး မြန်မာစံတော်ချိန် ည ၈နာရီခွဲတွင် ကစားကြမည်။

အဲဗာတန်-ဘော်လ်တန်

အဆင့်(၁၅)အဲဗာတန်နှင့် အဆင့်(၇)ဘော်လ်တန် ကစားမည်။ ရမှတ်များမှာ အဲဗာတန် ၃၉ မှတ်၊ ဘော်လ်တန် ၅၀ မှတ် ဖြစ်သည်။

အဲဗာတန်က ဝုလ်ဖ်ကို ရှုံးသောခြေရည်ညံ့သည်။ အဲဗာတန်၏ ခြေသည် ဝုလ်ဖ်ကို ရှုံးသင့်သော ခြေရည်မရှိ။ မည်သို့မျှမဖြစ်နိုင်။ သို့သော် အဲဗာတန်ရှုံးခဲ့သည်။ ဘော်လ်တန်က လိဒ်စ်ကို အပေါ်စီးမှ ကစားသွားသည်။ ဘော်လ်တန်ကောင်းလွန်း၍မဟုတ်၊ လိဒ်စ်ညံ့လွန်း၍ ဖြစ်သည်။ ပုံမှန်ခြေရည်မှာညီကြသည်။ နှစ်သင်းစလုံး ကစားအားကောင်းကြသည်။

အဲဗာတန်ကွင်းတွင်ကစားမည်။ ပထမအကျော့တွင် ဘော်လ်တန်က နှစ်ဂိုး၊ ဂိုးမရှိဖြင့်နိုင်သည်။ အဲဗာတန်ကို အနိုင်တွက်သော်လည်း ဘော်လ်တန်က တစ်ချိန်လုံး ဖိကစားပြီး နိုင်သွားခြင်းဖြစ်သည်။ နှစ်သင်းစလုံးက အထက်မရောက်၊ အောက်မရောက်အသင်းများဖြစ်သည်။ ဘော်လ်တန်သာ ချန်ပီယံလိဂ် ဝင်ခွင့်မီလုမီခင် ရှိသည်။ သို့သော် အဆင့် (၆)ရနိုင်ဖို့ လမ်းမမြင်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ အဲဗာတန်(-၇)၊ ဘော်လ်တန် (-၇)ဖြစ်သည်။ ရှေ့ပွဲတွင် အဲဗာတန်က မန်စီးတီးနှင့် ကစားမည်။ ဘောလ်တန်က ဖူလ်ဟမ်းနှင့်ကစားမည်။

လိဒ်စ်-ချာလ်တန်

အဆင့်(၁၈)လိဒ်စ်နှင့် အဆင့်(၉)ချာလ်တန်ကစားမည်။ ရမှတ်များမှာ လိဒ်စ် ၃၂မှတ်၊ ချာလ်တန် ၄၉ မှတ်ဖြစ်သည်။

ဘော်လ်တန်နှင့်ပွဲတွင် လိဒ်စ်ကစားပုံ ညံ့သည်။ ၁၀ ယောက်တည်းနှင့် ကစားရသည်။ ချာလ်တန်ကလည်း လက်စတာကို ခပ်ပေါ့ပေါ့ကစားသွားသည်။ ဒုတိယပိုင်းမှ ချာလ်တန်ကစားပုံကောင်းသည်။ နှစ်သင်းစလုံး ခြေအဆင့်ရှိကြသည်။ ခြေလည်းညီကြသည်။ ကစားမည်ဆိုလျှင် ပွဲကောင်းကြည့်ရနိုင်သည်။

လိဒ်စ်ကွင်းမှာ ကစားရမည်။ ပထမအကျော့တွင် ချာလ်တန်ကို တစ်ပေးကြသည်။ လိဒ်စ်ကလည်းရှုံးပွဲ ဆက်နေသည်။ ချာလ်တန်ကလည်း နိုင်ပွဲရှစ်ပွဲ ဆက်ထားသည်။ တကယ်ကစားသည့်အခါ လိဒ်စ်က အထက်စီးက ကစားသွားပြီး တစ်ဂိုး၊ ဂိုးမရှိဖြင့်နိုင်သည်။ ချာလ်တန်နိုင်လည်း ချန်ပီယံလိဂ်မဝင်။ လိဒ်စ်နိုင်လည်း တန်းဆင်းဇုန်ထဲမှ လွတ်မထွက်နိုင်။ ဆင်းရမည်မှာ သေချာသည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ လိဒ်စ်(-၃၈)၊ ချာလ်တန်(-၁) ဖြစ်သည်။ ရှေ့ပွဲတွင် လိဒ်စ်က ချယ်လ်ဆီးနှင့် ကစားရမည်။ ချာလ်တန်က စိန့်နှင့်ကစားမည်။

လက်စတာ-ပို့စ်မောက်

အဆင့်(၂၀) လက်စတာနှင့် အဆင့်(၁၄) ပို့စ်မောက် ကစားမည်။ ရမှတ်များမှာ လက်စတာ ၃၀၊ ပို့စ်မောက် ၄၂ မှတ်ဖြစ်သည်။ [ပို့စ်မောက် လက်ကျန်ပွဲ အမှတ်ထည့်ပေါင်းထားသည်။]

ချာလ်တန်နှင့်ပွဲတွင် လက်စတာက ဦးဆောင်ကစားသွားသည်။ သို့သော် ခြေစွမ်းမှာ စွဲမက်စရာ တစ်စက်ကလေးမှမရှိ။ ပို့စ်မောက်က ဖူလ်ဟမ်းနှင့် ကစားရာတွင် ကောင်းသည်။ တစ်ချက်တစ်ချက် ကစားကွက် ပျက်ပျက်သွားသည်သာ ပြောစရာရှိသည်။ ပုံမှန်ခြေထွက်လျှင် ပို့စ်မောက်က ကောင်းသည်။

လက်စတာကွင်းမှာ ကစားရမည်။ ပထမအကျော့မှာ နှစ်စလုံးခြေစွာနေကြသောကြောင့် ပို့စ်မောက်ကို တစ်ပေးကြသည်။ သို့သော် ပို့စ်မောက်ခြေပျက်နေပြီး လက်စတာ၏ဖိကစားခြင်းကိုခံရသည်။ လက်စတာက နှစ်ဂိုး-ဂိုးမရှိနိုင်သည်။ လောလောဆယ်မှာ လက်စတာအောက်တန်းဆင်းဖို့သေချာနေပြီး ပို့စ်မောက်ကလည်း တန်းဆင်းဇုန်ထဲမှလွတ်ကာ အေးရာအေးကြောင်းဖြစ်နေသည်။ ပွဲစဉ်(၃၁)လက်ကျန်ပွဲတွင် ပို့စ်မောက်က အာစင်နယ်ကို တစ်ဂိုးစီ သရေကစားခဲ့သည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ လက်စတာ(-၁၇)၊ ပို့စ်မောက်(-၉)ဖြစ်သည်။ ရှေ့ပွဲတွင် လက်စတာက အာစင်နယ်နှင့် ကစားရမည်။ ပို့စ်မောက်က ဘိုရီနှင့် ကစားမည်။

မစ်ဒယ်ဘရော့-မန်စီးတီး

အဆင့်(၁၂)ဘိုရီနှင့် အဆင့်(၁၇)မန်စီးတီးကစားမည်။ ရမှတ်များမှာ ဘိုရီ ၄၅ မှတ်၊ မန်စီးတီး ၃၈မှတ်ဖြစ်သည်။

လီဗာပူးနှင့်ပွဲတွင် ဘိုရီကစားပုံပထမပိုင်းကောင်းသည်။ ဒုတိယပိုင်းမှာ ပျော့ကျသွားသည်။ မန်စီးတီးကလည်း နယူးကာဆယ်ပွဲမှာ ခြေစွမ်းပြကစားသွားသည်။ နောက်ဆုံးကစားခဲ့သော ပွဲများအရ နှစ်သင်းစလုံးကောင်းသည်။ ပုံမှန်ခြေလည်းညီသည်။ နှစ်သင်းစလုံးကစားလျှင် ကစားသလောက်ကောင်းသည်။

ဘိုရီကွင်းမှာကစားမည်။ ပထမအကျော့မှာ သရေဖြစ်မည်ဟု မှန်းသည်။ သို့သော်လည်း မစ်ဒယ်ဘရော့က တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်သည်။ မစ်ဒယ်ဘရော့ အနိုင်ရသောဂိုးမှာ မန်စီးတီး ကိုယ့်ဂိုးကိုယ်သွင်းသောကြောင့်ဖြစ်သည်။ လက်ရှိအနေအထား၌ မန်စီးတီးသည် တန်းဆင်းဇုန်နားကပ်နေသောအသင်းဖြစ်သည်။ တန်းဆင်းဇုန်ထဲမှ လိဒ်စ်နှင့် ခြောက်မှတ်ကွာသည်။ နှစ်ပွဲဆက်ရှုံးလျှင် လိဒ်စ်နှင့် အမှတ်တူနိုင်သည်။ ပေးဂိုးသွင်းဂိုးကွာဟချက်ကြောင့် မန်စီးတီးက အောက်တန်းဆင်းရမည်မဟုတ်။ မစ်ဒယ်ဘရော့ကလည်း ရှုံးရှုံး၊ နိုင်နိုင်ဘာမှမဖြစ်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ ဘိုရီ(-၃)၊မန်စီးတီး(-၂)ဖြစ်သည်။ ရှေ့တွင်ဘိုရီက ပို့စ်မောက်နှင့် ကစားမည်။ မန်စီးတီးက အဲဗာတန်နှင့် ကစားရမည်။

ဆောက်သမ်ပတန်-အက်စတွန်ဗီလာ

အဆင့်(၁၁) စိန့်နှင့် အဆင့်(၅) ဗီလာ ကစားမည်။ ရမှတ်များမှာ စိန့် ၄၅မှတ်၊ ဗီလာ ၅၅ မှတ်ဖြစ်သည်။

ချယ်လ်ဆီးနှင့်ပွဲတွင် စိန့်ကစားပုံ ညံ့သည်။ အောက်မှလိုက်ကစားနေရသည်။ အမှန်တကယ်တော့ စိန့်သည် ချယ်လ်ဆီးကို ဂိုးပြတ်လောက်အောင်မညံ့ချေ။ ထိုနည်းတူစွာပင် ဗီလာသည် စပါး(စ်)ထက်ခြေသာ၊ ကစားပုံသာသော်လည်း တစ်ဂိုးတည်းဖြင့် ထစ်ကစားသွားသည်။ နှစ်သင်းစလုံး ပုံမှန်ခြေညီသည်။ လောလောဆယ်တွင် ဗီလာက အထက်ရောက်နေသည်။ စိန့်တကယ်ကစားလျှင် ကြည့်ကောင်းနိုင်သည်။

စိန့်ကွင်းမှာကစားရမည်။ ပထမအကျော့မှာ စိန့်ခြေတက်နေသောကြောင့် နိုင်မည်ဟု တွက်ကြသည်။ သို့သော် ဗီလာက တစ်ဂိုး-ဂိုးမရှိဖြင့် ကပ်နိုင်သည်။ စိန့်က အေးရာအေးကြောင်းဖြစ်သလို ဗီလာကလည်း ချန်ပီယံလိဂ်ဝင်ရန် သေချာနေသည်။ စိန့်ရှုံးခဲ့လျှင် အဆင့်နိမ့်သွားသည်မှလွဲ၍ ဘာမှမဖြစ်။ ဗီလာနိုင်လျှင် ချန်ပီယံလိဂ်ဝင်ခွင့်ပို၍ခိုင်မာမည်။ ဘယ်သူရှုံးရှုံး၊ ဘယ်သူနိုင်နိုင် အကြောင်းမဟုတ်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ စိန့်ကခြားနားချက်မရှိ၊ ဗီလာက(+၆) ရှိသည်။ ရှေ့ပွဲတွင် စိန့်က ချာလ်တန်နှင့် ကစားရမည်။ ဗီလာက မန်ယူနှင့်ကစားရမည်။

စပါး(စ်)-ဘလက်ဘန်း

အဆင့်(၁၆) စပါး(စ်)နှင့် အဆင့်(၁၃) ဘလက်ဘန်း ကစားမည်။ ရမှတ်များမှာ စပါး(စ်) ၃၉မှတ်၊ ဘလက်ဘန်း ၄၃ မှတ်ဖြစ်သည်။

ဗီလာနှင့်ပွဲတွင် စပါး(စ်) သင့်ရုံကစားသွားသည်။ သေချာပေါက်ရသည့်ဂိုးများ လွဲခဲ့သည်။ ဘလက်ဘန်းက မန်ယူကို နိုင်သော်လည်း ခြေကောင်း၍မဟုတ်။ မန်ယူညံ့သောကြောင့်ဖြစ်သည်။ နှစ်သင်းခြေညီကြသည်။ စပါး(စ်)က ဘလက်ဘန်းထက် အနည်းငယ်ကောင်းသည်။

စပါး(စ်)ကွင်းတွင် ကစားရမည်။ ပထမအကျော့တွင် သရေဟုတွက်ခဲ့ကြသည်။ သို့သော် ဘလက်ဘန်းက တစ်ဂိုး-ဂိုးမရှိ ဖြင့်ကပ်နိုင်သည်။ ၎င်းပွဲစဉ်တုန်းက နှစ်သင်းစလုံး ပထမပိုင်းတစ်ပိုင်းလုံး ဂိုးမသွင်းဘဲ အပြန်အလှန် လှုပ်ကစားနေကြသည်။ ၇၇ မိနစ်မှ ဘလက်ဘန်းက ဂိုးသွင်းခဲ့သည်။ နောက်ပိုင်းမိနစ်များကို အပြန်အလှန် ကစားရင်း အဆုံးသတ်သည်။ လောလောဆယ်အနေအထား၌ နှစ်သင်းစလုံး ပရီမီယာလိဂ်မှာကျန်နေဖို့ လက်မှတ်ရထားသည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ စပါး(စ်) (-၉)၊ ဘလက်ဘန်း (-၇) ဖြစ်သည်၊ ရှေ့ပွဲတွင် စပါး(စ်)က ဝုလ်(ဖ်)နှင့်ကစားရမည်။ ဘလက်ဘန်းက ဘာမင်ဂမ်နှင့် ကစားမည်။

ဘာမင်ဂမ်-လီဗာပူး

အဆင့်(၁၀) ဘာမင်ဂမ်နှင့် အဆင့်(၄) လီဗာပူး ကစားမည်။ ရမှတ်များမှာ ဘာမင်ဂမ် ၄၉မှတ်၊ လီဗာပူး ၅၆ မှတ် ဖြစ်သည်။

အာစင်နယ်ပွဲတွင် ဘာမင်ဂမ်ခြေရည်ညံ့သည်။ သရေရသော်လည်း အာစင်နယ်က တစ်ချိန်လုံး ဖိကစားထားသည်။ လီဗာပူးကလည်း ဘိုရီနှင့်ပွဲတွင် ပထမပိုင်းကစားပုံညံ့သည်။ ဒုတိယပိုင်းမှ ကောင်းလာသည်။ နှစ်သင်းမှာ အသင်းကောင်းများဖြစ်သည်။ ခြေရည် မတိမ်းမယိမ်းရှိကြသည်။ လီဗာပူးက နည်းနည်းသာသည်။

ဘာမင်ဂမ်ကွင်းမှာ ကစားရမည်။ ပထမအကျော့တွင် လီဗာပူးနိုင်မည်ဟု တွက်ကြသည်။ သုံးဂိုး-တစ်ဂိုးဖြင့်နိုင်သည်။ ကစားရာတွင် လီဗာပူးက တစ်ချိန်လုံး ဖိကစားပြီး အနိုင်ယူသွားသည်။ ဘာမင်ဂမ် လိုက်ကစား သော်လည်း အချည်းနှီးဖြစ်သည်။ လီဗာပူးက ချန်ပီယံလိဂ် ဝင်ခွင့်ရထားသည့် အသင်းဖြစ်သည်။ ဘာမင်ဂမ်က အထက်မရောက် အောက်မရောက်အသင်းဖြစ်သည်။ လီဗာပူးက ရှေ့ပွဲတွင် အဆင့်(၆) လိုက်နေသည့် နယူးကာဆယ်နှင့် ကစားရမည်။ ဘာမင်ဂမ်က ဘလက်ဘန်းနှင့် ကစားရမည်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ ဘာမင်ဂမ် (-၂)၊ လီဗာပူး (+၁၅) ဖြစ်သည်။

မေ ၉ ရက် (တနင်္ဂနွေနေ့)
နယူးကာဆယ်-ဝုလ်ဖ်

မြန်မာစံတော်ချိန် ည ၈နာရီခွဲတွင် ကစားမည်။

အဆင့်(၆) နယူးကာဆယ်နှင့် အဆင့်(၁၉) ဝုလ်ဖ် ကစားမည်။ ရမှတ်များမှာ နယူးကာဆယ် ၅၃ မှတ်၊ ဝုလ်ဖ် ၃၂ မှတ်ဖြစ်သည်။

မန်စီးတီးနှင့်ပွဲတွင် နယူးကာဆယ် ကစားပုံညံ့သည်။ ပထမပိုင်းသင့်သော်လည်း ဒုတိယပိုင်း ညံ့သည်။ အဆုံးသတ် ဂိုးပေါက်ချော်နေသည်။ ဝုလ်ဖ်က အဲဗာတန်ကို နိုင်သော်လည်း ခြေရည်သင့်ရုံပဲရှိသည်။ ထူးထူးခြားခြား ကောင်းကွက် မတွေ့ရ။ နှစ်သင်းယှဉ်လျှင် နယူးကာဆယ်က ခြေသာသည်။

နယူးကာဆယ်ကွင်းမှာ ကစားရမည်။ နယူးကာဆယ်ကို ပထမအကျော့တွင် အနိုင်ပေးကြသည်။ သို့သော် တစ်ဂိုးစီသရေကျသည်။ ပထမပိုင်းတွင် တစ်ဂိုးစီသွင်းထားကြသော်လည်း ဒုတိယပိုင်းတွင် တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းဘဲ ကစားသွားသည်။ နယူးကာဆယ်က ယခုပွဲတွင် ဝုလ်ဖ်ကိုနိုင်လျှင် ချန်ပီယံလိဂ်ဝင်ခွင့်ရရေး စိတ်အေးရတော့မည်။ ပေးဂိုးသွင်းဂိုးကွာဟချက်မှာ နယူးကာဆယ် (+၁၂)၊ ဝုလ်ဖ် (-၃၇)ဖြစ်သည်။ ရှေ့ပွဲတွင် နယူးကာဆယ်က လီဗာပူးနှင့် ကစားရမည်။ ဝုလ်ဖ်က စပါး(စ်)နှင့် ကစားရမည်။

ဖူလ်ဟမ်း-အာစင်နယ်

မြန်မာစံတော်ချိန် ည ၉နာရီခွဲတွင် ကစားမည်။ အဆင့်(၈)ဖူလ်ဟမ်းနှင့် အဆင့်(၁) အာစင်နယ်ကစားမည်။

ရမှတ်များမှာ ဖူလ်ဟမ်း ၄၉ မှတ်၊ အာစင်နယ် ၈၄ မှတ်ဖြစ်သည်။ [အာစင်နယ်၏ ၈၄ မှတ်မှာ လက်ကျန်ပွဲ၏ အမှတ်ပါထည့် ပေါင်းထားခြင်းဖြစ်သည်။ အာစင်နယ်နှင့် ပို့စ်မောက် တစ်ဂိုးစီသရေကျသည်။]

ပို့စ်မောက်နှင့်ပွဲတွင် ဖူလ်ဟမ်းကစားပုံကောင်းသည်။ ခြေသာ၊ ကစားကွက်အသာဖြင့် ကစားသွားသည်။ ဘာမင်ဂမ်နှင့်ပွဲတွင် အာစင်နယ်အပေါ်စီးမှ ကစားထားနိုင်သော်လည်း ဂိုးမရှိ သရေကျသည်။ ဂိုးရှေ့ရောက်လျှင် ဂိုးပေါက်ချော်နေသည်။ နှစ်သင်းယှဉ်လျှင် အာစင်နယ်သာသည်။ ဖူလ်ဟမ်းက ခြေရည်ရှိသော်လည်း အာစင်နယ်ကို ယှဉ်ဖို့ခက်သည်။

ဖူလ်ဟမ်းကွင်းတွင် ကစားရမည်။ ပထမအကျော့တွင် အာစင်နယ်နိုင်မည်ဟု တွက်ကြသည်။ ဂိုးမရှိသရေကျသည်။ ၎င်းပွဲတွင် အာစင်နယ်လူစုံကစားခဲ့သော်လည်း ဖူလ်ဟမ်းဂိုးရှေ့မှာ ပျက်ပျက်နေသည်။ ဆာဟာကလည်း ခြေမပေါ်ခဲ့ချေ။ သူ့ထိုးစစ်များ အချည်းနှီးဖြစ်နေသည်။ ယခုပွဲတွင် အာစင်နယ် စိတ်ကြိုက်ကစားနိုင်သည့်ပွဲဖြစ်သည်။ အာစင်နယ်က ချန်ပီယံဆုသေချာနေပြီ။ ဖူလ်ဟမ်းအနေအထားမှာ ဘော်လ်တန်ကဲ့သို့ပင် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် မျှော်လင့်လျက်ရှိသည်။ သို့သော် မျှော်လင့်ချက်တော့ မရှိတော့ချေ။ ရှေ့ပွဲတွင် ဖူလ်ဟမ်းက သူ့အထက်မှ ဘော်လ်တန်နှင့်ကစားရမည်။ အာစင်နယ်က အောက်ဆုံးအဆင့်မှ လက်စတာနှင့် ကစားရမည်။ ပေးဂိုးသွင်းဂိုး ကွာဟချက်မှာ ဖူလ်ဟမ်း(+၅)၊ အာစင်နယ်(+၄၅)ဖြစ်သည်။ ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံမှာကြားစဉ်။ (ရကတ)

☆ တိုင်းမှူးမှ

သောက်သုံးရေကန် ပြုပြင်ထားရှိမှုနှင့် ရေချိုသိုလှောင်ထားရှိမှုများကို လည်းကောင်း၊ ဦးသာကြွယ်ကန် ပြုပြင်တူးဖော်နေမှုများကိုလည်းကောင်း၊ ခနောင်တို အနောက်ရပ်ကွက် အောင်မင်္ဂလာလမ်းအနီး၌ မြေဧရိယာ ဧက ၂၀ ၌ သန့်ရှင်းသည့်သောက်သုံးရေသိုလှောင်နိုင်ရေးအတွက် ရေကန်တူးဖော်မည့် မြေနေရာကို လည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုများကို လည်းကောင်း၊ဆိပ်ကြီးခနောင်တိုမြို့ ပြည်သူ့ဆေးရုံအား ၁၆ခုတင်ဆံ့မှ ၂၅ခုတင်ဆံ့ ဆေးရုံအဖြစ်ဆေးရုံအဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နေမှုများကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကတာဝန်ရှိသူများအားဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အရည်အသွေး စံချိန်စံညွှန်းမီစွာဖြင့် အမြန် ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့သည် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆိပ်ကြီးခနောင်တိုမြို့နယ်သည်ရန်ကုန်မြို့တော် စည်ပင်သာယာ နယ်နိမိတ်အတွင်း တည်ရှိသဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်များနှင့် ကွာခြားမှု နည်းနိုင်သမျှနည်းစေရန် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သန့်ရှင်းသည့် သောက်သုံးရေရရှိရေးလုပ်ငန်းများအပြင် မြို့နယ်၏စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံမှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်သူ့ဝန်ထမ်းများသည် မိမိတို့ တာဝန်ကျရာ ဒေသမှ ဒေသခံ ပြည်သူများနှင့် ပူးပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက်ဆောင်ရွက်ကြရေး မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဆိပ်ကြီးခနောင်တိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပရိဘောဂများပြုလုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က လက်ခံရယူသည်။

ထို့နောက် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်နိုင်က ဆိပ်ကြီးခနောင်တိုမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကူညီပံ့ပိုးပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆိပ်ကြီးခနောင်တိုမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်စိန်က နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

○ မင်းဘူးမြို့နယ်မှ

လူမှုရေးအသင်းအဖွဲ့များ၊ မြို့သူမြို့သားများ၊ ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းနှင့် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြို့နယ်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းက တိုင်းအတွင်း ကျေးလက်ဒေသ သောက်သုံးရေရရှိရေး ဆောင်ရွက်ရာ၌ စည်ပင်သာယာရေးအဖွဲ့များနှင့်လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ တိုင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဆင့်ဆင့်တို့မှ ကြီးကြပ်ပံ့ပိုးပေးမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တာဝန်ကြီးငါးရပ်အနက် မိမိတို့ ဝန်ကြီးဌာနက ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး စသည့် လုပ်ငန်းတာဝန်ကြီးနှစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် အပူပိုင်းဒေသ တိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်တိုင်း ၁၄တိုင်းတို့၌ ၁၀နှစ်စီမံကိန်းများ အသီးသီးချမှတ်ဆောင်ရွက်နေကြောင်း၊ စီမံကိန်းဆောစီးစွာပြီးစီးရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၊ စည်ပင်သာယာရေးရန်ပုံငွေ၊ အလှူရှင်များလှူဒါန်းငွေများဖြင့် ဆောင်ရွက်နေကြောင်း၊ မကွေးတိုင်းအတွင်း ကျေးရွာ ၁၄၆၉ရွာအနက် ယနေ့အထိကျေးရွာ ၈၄၆ရွာကို ဘဏ္ဍာငွေကျပ် ၃၇၅သန်း၊ ဒေါ်လာတစ်သောင်းသုံးစွဲဆောင်ရွက်ပေးခဲ့ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်က မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ကျေးရွာလူထုကိုယ်စား ဦးအောင်လွင်နှင့် ဦးစန်းမောင်တို့က ကျေးဇူးတင်စကား ပြောကြားသည်။

မင်းဘူးမြို့နယ်တွင် ကျေးရွာအုပ်စု ၆၇အုပ်စု၊ ကျေးရွာပေါင်း ၁၄၈ရွာ၌ လက်နှိပ်ပန့်တပ် တွင်းတိမ် ၃၅၉၉တွင်း၊ တွင်းနက် ၁၈၉တွင်း၊ လက်တူးတွင်း ၆၉၂တွင်းနှင့် မိုးရေလှောင်ကန် အဆင့်မြှင့်ခြင်း ၆၇ခု ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ အိမ်ခြေပေါင်း ၂၄၁၄၆ အိမ်၊ လူဦးရေ ၁၂၁၈၃၇ဦး သန့်ရှင်းသော သောက်သုံးရေရရှိနေပြီဖြစ်သည်။ (သတင်းစဉ်)

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

စာရင်းစစ်မှူးများလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်(၁၆)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ ကျင်းပရာ စာရင်းစစ်ချုပ်ဗိုလ်ချုပ် လွန်းမောင်တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ်ဒေါ်သင်းသင်း၊ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းနှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းသို့ စာရင်းစစ်ချုပ်ရုံးနှင့် ဒေသဆိုင်ရာ စာရင်းရုံးများမှ စာရင်းစစ်မှူးများ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခန့်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ရွှေပြည်ငြိမ်းအေးဓမ္မရိပ်သာ ငွေရတနာပန်းကျောင်းတိုက် လှူဒါန်းရေစက်ချမင်္ဂလာ ကျင်းပ

ရန်ကုန် မေ ၅

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် နွားမယံစံပြကျေးရွာအုပ်စု ဆင်မကြပ်ကျေးရွာ ရှေးဟောင်းသမိုင်းဝင် ရှင်လိုင်ဂူဘုရား ရွှေပြည်ငြိမ်းအေးဓမ္မရိပ်သာအတွင်းရှိ ငွေရတနာပန်းကျောင်းတိုက်အား သာသနိကအဆောက်အအုံအဖြစ် လှူဒါန်းရေစက်ချမင်္ဂလာအခမ်းအနားကို မေ၁ရက် နံနက်၇နာရီက အဆိုပါ ကျောင်းတိုက်၌ ကျင်းပရာ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် ကောင်စီဝင်များ၊ တိုင်း၊ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းဒါယကာ ဦးအောင်ကြည်၊ ကျောင်းဒါယိကာမ သုဓမ္မသီဂီ ဒေါ်ရင်ကြွေ (ငွေရတနာပန်း) မိသားစုနှင့် ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ဒေ့ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာကြားကြသည်။

ယင်းနောက် ဗိုလ်မှူးကြီးလှမင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ အနုမောဒနာတရားတော်နာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆိုသုတောင်း၍ ရုပ်သိမ်းလိုက်သည်။ အဆိုပါ ကျောင်းဆောင်သစ်ကို ကျောင်းဒါယကာ ဦးအောင်ကြည်၊ ကျောင်းဒါယိကာမ သုဓမ္မသီဂီ ဒေါ်ရင်ကြွေ (ငွေရတနာပန်း) မိသားစုက ငွေကျပ်သိန်း၃၀၀ အကုန်အကျခံဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

မေ ၅ရက်က ရှေ့နေချုပ် ဦးအေးမောင် ရှေ့နေချုပ်ရုံး ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းက ကြီးမှူးဖွင့်လှစ်သည့် တတိယအကြိမ်မြောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲ အခမ်းအနားတွင် ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

✧ ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေမှ

အပြီးသတ် နိုင်လွန်ကတ္တရာ ခင်းနေမှုကိုလည်းကောင်း၊ လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာခင်းပြီးမှုအား လည်းကောင်း၊ လေယာဉ်ပြေးလမ်း မြောက်ဘက် ပေ ၂၅၀ X ပေ ၂၅၀ လေယာဉ်ရပ်နားနေရာ တည်ဆောက် ပြီးစီးမှုကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးသည် လေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

တညောင်မြစ်ရေတင်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့် လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် မကွေးတိုင်း စလင်းမြို့နယ် တညောင်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်နှင့် မြစ် ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဦးတင်ဝင်းက မြစ်ရေတင်စက်များ ရေအလုံအလောက် ရရှိရေးအတွက် ရေခေါ်တူးမြောင်းနှင့် ရေခေါ်ရေကာတာ တည်ဆောက်ရေး လုပ်ငန်းများကိုရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးပြီး မြစ်ရေတင်စက်များ ရေရရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် ပုဂံ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က လျှပ်စစ်မြစ်ရေတင်စက်များ အသုံးပြုနိုင်မှု၊ စိုက်ပျိုးမြေများသို့ ရေပေးဝေနိုင်မှုကို ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရေအရင်းအမြစ် နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ရေတင်စက်များ ရေအလုံအလောက် ရရှိရေးအတွက် ဆောင်ရွက်ထားမှုကိုရှင်းလင်းတင်ပြသည်။ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် မြစ်ရေတင်စက်များ၏ ဝန်းကျင်မြစ်ကြောင်း အခြေအနေကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်မည်။

ပြည်နယ်နှင့်တိုင်း (၁၃)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသော ၂၀၀၄ခုနှစ်သတ္တမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်းအသက်(၁၃)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုကြည့်ရှုအားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများသည် သတ်မှတ်နေရာ၌နေရာယူကြပြီး ဝန်ကြီးက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပွဲဦးထွက်ပွဲစဉ်အဖြစ် မွန်ပြည်နယ်အသင်းနှင့်ပဲခူးတိုင်း အသင်းတို့ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက သုံးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအသင်း ၁၅ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၇)ဖြန့်ချိ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ တောင်ပိုင်း၊ ဒုံးကျွန်းမှ လန်ပိကျွန်းထိ ရေပြင်ဧရိယာကို ငါးမန်းကာကွယ်မှုဧရိယာသတ်မှတ်မည်၊ ဘိန်းအစားထိုးသီးနှံစိုက် တောင်သူများကို ဂျပန်အစိုးရက ဒေါ်လာသုံးသိန်းတန် စားနပ်ရိက္ခာများထောက်ပံ့မည်၊ ကားမောင်းသူများ ခါးပတ်ပတ်မောင်းနှင်ရမည့်ပညာပေးကာလ စတင်ရန်စီစဉ်၊ အာဖရိကဈေးကွက်မှ မြန်မာ့ဆန်ဝယ်ယူလိုစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ထွက်ရှိလာသည်။

တရုတ်နိုင်ငံသည် စီးပွားရေးကို အေးအောင်လုပ်ရမည်ဟု ဝမ်ကျားပေါင်ပြောဆို၊ အကြမ်းဖက်လက်နက်မှောင်ခိုမှု တားမြစ်ရေးဆုံးဖြတ်ချက် လုံခြုံရေးကောင်စီအတည်ပြု၊ သားပိုက်ကောင်မလေးလူလူ၊ ရဲစွမ်းသတ္တိဘွဲ့တံဆိပ်ချီးမြှင့်ခံရ၊ စိတ်ငြိမ်ဆေးပရိဇက်မွေးကင်းစကိုထိပါး၊ ကာမဂုဏ် စွမ်းရည်ကိုလည်း ထိခိုက်၊ ဝက်ခြံကို နှိမ်နင်းမည့် ဗိုင်းရပ်စ်ဖယောင်းချက် တီထွင်စသည့် နိုင်ငံတကာ ရေးရာ သတင်းဆောင်းပါးများ၊ ကျန်းမာရေး၊လူမှုရေး၊စီးပွားရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာကို e-Émpire Media House ဖုန်း–၇၀၃၈၁၃က တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

နေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းနေ
အရာခံဗိုလ်မြင့်ဦး–ဒေါ်ကြည်ဝင်းတို့၏သား
မောင်လူသစ် A.G.T.I (EP), B.E (EP) နှင့်
ပြည်မြို့၊ ဝက်ထီးကန်နေ
ရဲမှူး တင်လှိုင်–ဒေါ်ခင်ဆွေသန်းတို့၏သမီးကြီး
မဇင်မာလှိုင် A.G.T.I (MP), B.Sc (Physics)
တို့သည် ၂–၅–၂၀၀၄(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လူသစ်–မဇင်မာလှိုင်။

Commerce Graduates' Association
Professor William Paw Prize ချီးမြှင့်ခြင်းနှင့် ၂၀၀၄ – ဘွဲ့ရမောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား

Professor William Paw Prize ချီးမြှင့်ခြင်း၊ ၂၀၀၄ ဘွဲ့ရမောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် အသင်းအကြောင်း သိကောင်းစရာများ ရှင်းလင်းပွဲ အခမ်းအနားကို B.Com., B.Act., BBA ၂၀၀၄ ဘွဲ့ရမောင်မယ်များနှင့် စိတ်ဝင်စားသူများ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ – အခန်း (၁၀)၊ စီးပွားရေးတက္ကသိုလ် (ပင်မ)
နေ့ရက်၊ အချိန် – ၀၇–၀၅–၀၄ (သောကြာ)၊ နေ့လည် ၃း၀၀ နာရီ

Commerce Graduates' Association

ဒစ်ဂျစ်တယ်ကင်မရာ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၅

Canon Singapore Pte., Ltd.နှင့် Accel International Co.,Ltd. တို့မှ ကြီးမှူးကျင်းပသော 1st Canon Pro Seminar နှင့် New Product Launch တို့ကို ကုန်သည်ကြီးများ ဟိုတယ် Ball room ခန်းမတွင် ယနေ့ကျင်းပသည်။

အခမ်းအနားတွင် Canon Singapore Pte.,Ltd.မှ Seminar Product Manager Mr. Roland Poonမှ Canon New Digital SLR Camera EOS ID Mark IIနှင့်ပတ်သက်သည့် အချက်အလက်များနှင့် Canon Professional Service နှင့် သက်ဆိုင်သည့် အချက်အလက်များကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းတင်ပြပြီး ဓာတ်ပုံပညာရှင် ဦးဖေမြင့်ဦးက အဆိုပါ ကင်မရာနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် Canon-Kodak Photo Contest ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဆုရ ကိုထင်လင်း (Golden Arrow) အား တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ခဲ့သည်။ **(အပေါ်ဓာတ်ပုံ)** (ကြေးမုံ)

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

အောင်လံမြို့၊ စက်ရုံကွက်သစ်၊ (၄)လမ်းနေ
ဦးအောင်မွေး(ဓာတ်ခွဲမှူး–ပ)–ဒေါ်အမာကြည်(သူနာပြုဆရာမကြီး–ငြိမ်း)တို့၏ သားလတ်
မောင်ဇော်ဇော်လင်း B.Sc (Maths) နှင့်

ပြည်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၉၅)နေ
ဦးဝင်းမြင့်(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ရုံးချုပ်)–ဒေါ်သောင်းသောင်းရွှေတို့၏ သမီးဦး
မဆွေသဲချိုဝင်း 2nd Year (Botany) Dip. T.Ed (အမက၊ ရွှေတံခါး–၁၊ ပြည်မြို့)

တို့၏ ၁–၅–၂၀၀၄ ရက် ခေတ္တရာရတနာမြို့တော်ခန်းမ ပြည်မြို့၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးသော စစ်ဒေသကွပ်ကဲရေးမှူး(ပြည်) တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်နှင့် တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်နှင့်ဇနီး ဒေါ်ဝင်းဝင်းမာ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးချုပ်နှင့် ပဲခူးတိုင်း(အနောက်) ဝန်ထမ်းမိသားစုများ၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဒေါ်ယဉ်ယဉ်လှ(မြန်မာ့အသံ)၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တက္ကသိုလ်လဲ့လဲ့နှင့် စန္ဒရားကွန်းဇော်နှင့်တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်ပန်းအလှပြင်ပေးသော လုလုအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော ဒေါ်လာမြင့်အောင်အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မခင်ပြည့်စုံဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မနှင်းဝတ်ရည်ဝင်းနှင့် မဝင့်ဝါဝါလှိုင်တို့အားလည်းကောင်း၊ ဗီဒီယိုဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးပေးသော အကယ်ဒမီဦးကြည်နှင့်အဖွဲ့အား လည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် မင်္ဂလာဧည့်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဇော်လင်း–မဆွေသဲချိုဝင်း။

PACIFIC DIGITAL PHOTO SERVICE

မှ

ဖလင်(၃)လိပ်ကူးလျှင် ဖလင်အသစ်(၁)လိပ် လက်ဆောင်ပေးမည်။

PC ရိုးရိုး 50/- ကျပ် Digital PC 65/- ကျပ်
(4" x 6") ရိုးရိုး 70/- ကျပ် Digital (4" x 6") 85/- ကျပ်
အထူးအစီအစဉ်ဖြင့် Digital Camera မှ (4" x 6")တစ်ပုံလျှင် (100/-)ကျပ်

အားပေးသူများ အထူးများပြားသည့်အတွက်

1st May 2004 မှ 15th May 2004 ထိ ရက်တိုးမြှင့်ပါသည်။

ကျေးဇူးအထူးတင်ရှိစွာဖြင့်

(၁) အမှတ်-၁၈၅ / ၁၈၇၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့။
☎ : ၂၈၅၄၁၅၊ ၂၄၁၀၇၃၊ ၃၈၃၄၀၆
(၂) အမှတ်-၁၇၉၊ အနော်ရထာလမ်း (၃၃ လမ်းထောင့်)၊ ရန်ကုန်မြို့။
(၃) အမှတ်-၄၅၃၊မဟာဗန္ဓုလလမ်း(၃၂လမ်းထောင့်)၊ မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

ထူးခြားသည့် နေ့အပူချိန်များ

(၅–၅–၂၀၀၄)

မကွေး	၄၄ ဒီဂရီ စင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
ချောက်	၄၄ ဒီဂရီ စင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
သာယာဝတီ	၄၃ ဒီဂရီ စင်တီဂရိတ် (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	၄၀ ဒီဂရီ စင်တီဂရိတ် (၁၀၄ ဒီဂရီ ဖာရင်ဟိုက်)

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ အောင်စိန်ချည် ကုမ္ပဏီလီမိတက်မှ M.F.T.B ဘဏ်တွင် ၁၀% အခွန်ဆောင်ထားသော Memorandumမူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဆက်သွယ်ရန် – ၁၂၃၊ ၁၂၅၊ ဗိုလ်တထောင်ဘုရားလမ်း၊ရန်ကုန်မြို့။ဖုန်း–၂၉၅၀၂၈၊ ၇၀၃၆၃၀။

အမည်ပြောင်းခြင်း

ဦးရွှေသာထွန်း၊ ဒေါ်မအုန်းရွှေတို့၏သား စစ်တွေမြို့ အထက(၂)၊ ဒသမတန်းမှ မောင်ဒီမိုထွန်း(ခ) မောင်နေလအောင်အား မောင်ထွန်းလင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ထွန်းလင်း။**

အမှတ်(၁၂) ၆-၅-၂၀၀၄

- အိန္ဒြာကျော်ဇင်ရဲ့ စူပါစတိုင်လ်။
- ယနေ့ခေတ်မှာ တလွဲတွေလုပ်နေတဲ့ချစ်သူအကြောင်း။
- ပရိသတ်ကို ပျော်ရွှင်ခြင်း စင်ပေါ်က ခုန်ချမိလို့ ခြေထောက်အရိုးအက်သွားတဲ့ မာရှူ။
- လွှင်မိုးဘာကြောင့် စူပါဖြစ်လာသလဲ။
- ရိုက်ကွင်းပေါ်က တကယ့်ဒါရိုက်တာအကြောင်း။
- ဘရွှန်နီး တော်ဝင်မိသားစုရဲ့ စိတ်ကြားခြင်းခံရတဲ့ ကိုရီးယားမင်းသား ရှင်ဖေါင်ဟန်။
- တောင်မြို့နဲ့ ပန်းခြံသာရုပ်ရှင်ကို မျှော်နေကြသူတွေ အကြောင်း။
- အောင်ဟိတ်(ကျိုက်လတ်)၏ ဗီဒီယိုရုပ်ရှင်စူပါဖြစ်လွှင်(၂)။
- ဘရစ်တနီစပီးယား၏ ပြောင်းလဲခြင်းအလှ စသည့် အနုပညာရေးရာအလှစာမျက်နှာ၊ သတင်း၊ အင်တာဗျူးနှင့် ဆောင်းပါးများ ဝေဝေဆာဆာပါဝင်သည်။

Milkmaid နို့ဆီအစစ်

မလိုင်ပါပြည့်
နှင့်
ချိုဆိမ့်အရသာ
အရသာထွေးကောင်းပြီး ဈေးနှုန်းသက်သာသည်

Diamond Star Co.,Ltd မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိပါသည်
ဆက်သွယ်ရန်လိပ်စာ
Diamond Star Co.,Ltd
အမှတ် ၂၅၆၊ ၂၆၀ ဆူးလေဘုရားလမ်းကျောက်တံတားမြို့နယ်
ရန်ကုန်မြို့ ဖုန်း- ၂၅၃ ၂၀၆၊ ၂၄၆ ၂၀၀၊ ၂၄၆ ၂၁၁၊ ၂၄၁၈၈၈

Home Distribution Group

Ready Made Floor အဆင့်မြင့်အသင့်ခင်းကြမ်းပြင်များ
High - tech of Germany
- ကျွန်းထက်ခံနိုင်ရည် နှစ်ဆမြင့်မား
- ပိုးမွှားများ မရှင်နိုင်
- Al_2O_3 သတ္တုအလွှာဖြင့်အုပ်ထားသဖြင့်
  - ဆေးလိပ်မီးမလောင်နိုင်
  - ဖိနပ်ကြောင့် အစင်းရာ ခြစ်ရာ မထင်နိုင်
  - အရောင်မမှိန်၊ ပေါလစ်တင်ရန် မလို။

ဈေးနှုန်း: ☞ အဆင့်မှီကျွန်းကြမ်းခင်းဈေးထက်သက်သာ (Office & Show Room)

Decorative Wall Covering နံရံကပ်ပိုးသားပါပေးတပ်ဆင်
High - tech of Italy
- ★ ဇတ္တူမပါ၊ ပိုးသားပါပြီး ဒီဇိုင်းစုံလင်လှပ (Wall paper မဟုတ်ပါ)
- ★ မတော်တဆပေါက်ပြဲမှုကို အစားထိုး လဲလှယ်နိုင်
- ★ ညစ်ပေသွားလျှင် ဆပ်ပြာရည်ဆွတ်ထားသော ဖတ်နှင့်ဆေးနိုင်

ဈေးနှုန်း: ☞ ပလပ်စတစ်အိမ်သုတ်ဆေးထက်ဈေးသက်သာ

အမှတ် F 2-6၊ ပထမထပ်၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း(ပ.ဆ.ပ.လ.ရ)၊ ရန်ကုန်မြို့၊ ဖုန်း – ၂၉၁၃၃၆၀၊ ၂၉၁၃၃၆၀၊ ၂၉၁၃၃၆၂ Fax: ၂၉၁၃၃၆၈

ဆွမ်းပဒေသာပင် အပင် ၁၀၀၀ ပြည့် ရေစက်ချ လှူဒါန်း

မေ ၃ ရက်က ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ သက်တော် ရာပြည့်ပူဇော်ပွဲအကြို မဟာကုသလကာရီ ဓမ္မသာလာ အဆောက်အအုံ ရေစက်ချ လှူဒါန်းပွဲနှင့် (၁၅)ကြိမ်မြောက် ထာဝရ ဆွမ်းပဒေသာပင် အပင်၁၀၀၀ပြည့် ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဆုရစစ်တီးဝိုင်းအဖွဲ့နှင့် ဆုရ အမျိုးသားဘော်လီဘောအသင်းတို့အား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် မေ ၅

၂၀၀၄ ခုနှစ် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့နှင့် ၂၀၀၃–၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမျိုးသားဘော်လီဘောအသင်းတို့အား ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၂ ရက် ညနေ ၆ နာရီခွဲ တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဝေလွင်၊ စစ်ဒေသမှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့ဝင်များ၊ အမျိုးသား ဘော်လီဘောအသင်းမှ အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၀၄ ခုနှစ် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲ တွင် ပထမဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းအဖွဲ့နှင့်(၂၀၀၃–၂၀၀၄)ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ဘော်လီဘောပြိုင်ပွဲတွင် တံခွန်စိုက်ဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမျိုးသားဘော်လီဘော အသင်းတို့က ၎င်းတို့ရရှိခဲ့ကြသည့် ပထမဒိုင်းဆုနှင့် တံခွန်စိုက်ဒိုင်းဆု များကို အပ်နှံကြရာ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြု ဆုငွေများ ပြန်လည်ပေးအပ်သည်။

ဆုချီးမြှင့်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့အား တီးဝိုင်းတူရိယာပစ္စည်း အသစ်များ ပေးအပ်ချီးမြှင့်ရာ စစ်တီးဝိုင်းအဖွဲ့ ခေါင်းဆောင်က လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက ရရှိပြီး အောင်မြင်မှုများကို ဆက်လက် ထိန်းထားနိုင်ရေးအတွက် အားကစားစိတ်ဓာတ် အပြည့်အဝ၊ ခွဲ၊ လုံ့လ၊ ဝီရိယဖြင့် စည်းကမ်းတကျ နှစ်လုံးပေါက် လေ့ကျင့်ရန် ဂုဏ်ပြု အမှာစကား ပြောကြားသည်။

ဂုဏ်ပြုတည်ခင်း

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင် သက်ဌေးတို့က ၂၀၀၄ခုနှစ် (၁၃)ကြိမ် မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့နှင့် ၂၀၀၃– ၂၀၀၄ ခုနှစ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊လေ) ဘော်လီဘော ပြိုင်ပွဲတွင် တံခွန်စိုက် ဒိုင်းဆုရ ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု အမျိုးသား ဘော်လီဘောအသင်းတို့အား ဂုဏ်ပြု ညစာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

နိုင်ငံတကာ အဆင့်မြင့်
တရုတ်/ ချစ်တီး ဟင်းချက်နည်းသင်တန်း

အရင်းနည်းနည်း အမြတ်များများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်လိုသူ၊ ပြည်တွင်း၊ ပြင်ပ သင်္ဘောလိုင်းများတွင် စားဖိုမှူးလုပ်လိုသူများ၊ ဟင်းချက်ကောင်း အိမ်ရှင်မများနှင့် အမျိုးသမီးများအတွက် ကြက်၊ ဘဲကင်အပါအဝင် တရုတ် ဟင်းလျာစုံ၊ ချစ်တီးဟင်းလျာများ အပြင် အချဉ်ရည်(Sauce)နှင့် မြန်မာ၊ တရုတ်မဆလာ ဖော်စပ်နည်းအမျိုးမျိုးကို အခမဲ့ (Free) သင်ကြားပေးမည်။ လက်ခံမည့် ကျား/မ (၁၀)ဦးအထိသာ

နေရာ – ဦးအေးကြိုင်၏ သင်တန်းခန်းမ
အမှတ်(၁၀၅)၊ ၅၂လမ်း(လယ်)လေးလွှာ၊ ပုဇွန်တောင်၊ရန်ကုန်။

MCC KAMARYUT

- Office XP Course
- DTP Course
- Graphic Design Course
- ACCPAC Plus
- Visual Basic
- ICT Foundation Course

Non-Stop Power Supply

တန်းခွဲသစ်များ မေ(၁၀)ရက်စမည်။

ရုံးဝန်ထမ်းများအတွက် သီးသန့်စီစဉ်ပေးပါသည်။

အခန်း-၄၀၃၊တိုက်-၁၊အောင်မြေသာစည်အိမ်ရာဆောင်၊ ရေတွင်း မှတ်တိုင်၊ရန်ကုန်-အင်းစိန်လမ်း။ Ph: 505548, 09-50-18925

Accredited Training By MCC.

KT 1950 KT U Tint Lwin

KT ပညာဒါန နိုင်ငံခြားဘာသာစကားနှင့် LCCI သင်တန်းများ

အင်္ဂလိပ်၊ ပြင်သစ်၊ တရုတ်၊ ကိုရီးယား၊ LCCI သင်တန်းများ

5-6-04 (စနေနေ့) စမည်။

☎ : 577564, 287506

ပဲဆီစစ်စစ်၊ နှမ်းဆီစစ်စစ် စားလိုသူများ ....

ရန်ကုန်ပဲဆီသန့်၊ ရန်ကုန်နှမ်းဆီ ရည်သန့်

09-5003646,

☎ : 382323, 382337, 251230, 681310, 663317, 660283, 02 - 80227

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၂)၊ လူနေရပ်ကွက်အမှတ်(၁၆/၂)၊ မြေကွက်အမှတ်–၁၁(ခ)၊ ဧရိယာပေ၆၀ X ပေ၂၀(ဧရိယာ ၁၂၀၀စတုရန်းပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ၁၁/ခ၊ ရတနာလမ်းဟုခေါ်တွင်သော (၂)ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်စိန်[၁၀/ ပမန(နိုင်)၀၅၀၆၂၄] အမည်ပေါက်ထံမှ ကျွန်တော် ဦးမောင်မြင့် [၁၂/ ဥကတ(နိုင်) ၁၃၉၁၄၄]က ဝယ်ယူရန်အတွက် စရန်ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားနှင့်တကွ ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမောင်မြင့်[၁၂/ဥကတ(နိုင်)၁၃၉၁၄၄]
ဖုန်း – ၇၂၂၂၆၂။

ပြန်လည်ရုပ်သိမ်းပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၉လမ်း၊ အမှတ်–၁၅နေ ဒေါ်ခင်နန်းမြင့်၊ အဘ ဦးတင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်မှ ၎င်း၏ခင်ပွန်းအား ကွာရှင်းမည်ဖြစ်၍ ၎င်းယူသွားသော ပစ္စည်း (၆)မျိုးအား လွှဲပြောင်းရောင်းချခြင်း မပြုလုပ်ရန် ကြေးမုံသတင်းစာ စာမျက်နှာ၁၈တွင် ၂၈–၃–၂၀၀၄နေ့က သတိပေးကြေညာခဲ့ပါသည်။သို့သော် ယခုအခါ နှစ်ဦးနှစ်ဖက်ပြေလည် သွားပြီဖြစ်၍အထက်ပါနေ့စွဲဖြင့် ထည့်သွင်းကြော်ငြာထားသော ပစ္စည်းအားလုံးနှင့်ပတ်သက် ၍ မှားယွင်းကြော်ငြာထားသည့်အပေါ် ပြန်လည်ရုပ်သိမ်းပါကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ခင်နန်းမြင့်

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကြည်ရှိန်(လိုင်)

[၁၂/ဗတထ(နိုင်)၀၀၀၄၅၄] **Insurance & Special Trademark Law Firm**

အမည်ပြောင်းခြင်း

ဦးဆောင်းကို – ဒေါ်သန်းသန်းစိုး တို့၏သမီး ပဲခူးမြို့၊ အထက(၃) သတ္တမတန်း(စီ)မှ မမေစိုးအား မမေ ပွင့်ဖြူဟု အမည်ပြောင်းလဲခေါ်ပါရန်။

မမေပွင့်ဖြူ။

အမည်ဖြည့်စွက်ခြင်း

မမွန်မွန်စိုးညွန့် အဘ (ဦးစိုးညွန့်) မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်) ၁၄၇၂၈၉]အား မမွန်မွန်စိုးညွန့် (ခ) မကြည်စုစုသွယ်ဟု ဖြည့်စွက်ခေါ်ဆို ပါရန်။

မွေးသက္ကရာဇ်အမှန်

ဦးဘလှတင်၏သား စိုင်းဝဏ္ဏ နိုင်ငံသားစိစစ်ရေးအမှတ်[၁၃/လရန (နိုင်)၁၂၉၃၉၈]၏ မွေးသက္ကရာဇ်အမှန် မှာ ၃–၁–၁၉၉၀ ဖြစ်ပါကြောင်း။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီး ဖြစ်သူ မသိမ့်သိမ့်အောင် [၁/မကန (နိုင်) ၀၈၀၀၈၅]သည် မိဘစိတ်ဆင်း ရဲ၊ ကိုယ်ဆင်းရဲ အကြိမ်ကြိမ်ပြုလုပ်၍ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို ပြုလုပ် သွားပါသဖြင့် အမွေပြတ်စွန့်လွှတ် လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက် သမျှ (လုံးဝ) တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ဦးမောင်မောင်စိုး၊
ဒေါ်စန်းစန်းဝေ(မြစ်ကြီးနား)။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁။	ဒေါ်စန်းစန်းမြင့်	ISN ၅၃၇၆၀၇	၅၂၃၊ တောင်ဥက္ကလာလမ်း၊ ၁၆-ရပ်ကွက်၊ ရွှေပေါက်ကံ	ဒဂုံ(ဆိပ်ကမ်း)	၆၉	၁၅၀၇	ဒေါ်ရွှေကြည်	ဂရန်သစ်
၂။	ဦးနိုင်သိန်း+၁	၁၂/ဗဟန(နိုင်)၀၇၄၉၆၂	၅၇၊ ရွှေတောင်ကြားလမ်းရွှေ(၂)ရပ်ကွက်၊ ဗဟန်း	ဗဟန်း	၃၆-K	၁၅၀-A	မနိုင်နိုင်ဇော်	အမည်ပြောင်း
၃။	ရွှေတိဂုံစေတီတော်	(ဂေါပကအဖွဲ့)	၄၊ ထီးတန်း(၁)	ကြည့်မြင်တိုင်	၂၅-E	၁၇၁	ဦးမေတင်	အမည်ပြောင်း
၄။	ရွှေတိဂုံစေတီတော်	(ဂေါပကအဖွဲ့)	၂/၄၊ ဗိုလ်သုခလမ်း	ကြည့်မြင်တိုင်	၂၆ဒီ၂	၂၀၀	ဒေါ်သိမ်း+၁	အမည်ပြောင်း
၅။	ရွှေတိဂုံစေတီတော်	(ဂေါပကအဖွဲ့)	၂၂၊ လှည်းတန်းလမ်း	လမ်းမတော်	၂၂-Y၃	V ၂၉	ဒေါ်မြရင်	အမည်ပြောင်း
၆။	ရွှေတိဂုံစေတီတော်	(ဂေါပကအဖွဲ့)	၁၆၊ ၁၂-လမ်း	လမ်းမတော်	၂၂-Y၂	V ၈၂	ဒေါ်သိန်းညွန့်	အမည်ပြောင်း
၇။	ရွှေတိဂုံစေတီတော်	(ဂေါပကအဖွဲ့)	၈၂၊ ၁၁-လမ်း	လမ်းမတော်	၂၂-Y၂	V ၂၈၆	ဦးအောင်အောင်နှင့်ဇနီးဒေါ်ခင်ရီ	အမည်ပြောင်း
၈။	ဒေါ်အာသာတီကျော်	၁၂/ရကန(နိုင်)၀၂၇၄၇၇	၂၅/၅၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေး	တောင်ဥက္ကလာပ	၆	၆၂၁	ဦးသန်းထွန်း	အမည်ပြောင်း
၉။	ဒေါ်ခင်မြမြ	၁၂/မဂဒ(နိုင်)၀၅၁၁၂၄	၁၁၁၂၊ ၃၃-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၃၄	၁၁၁၂	ဦးထွန်းလှ	အမည်ပြောင်း
၁၀။	ဦးအောင်သန်း	၁၂/မရက(နိုင်)၀၃၉၂၄၆	၆၅၊ သမာဓိ(၄)လမ်း(ဂ)ရပ်ကွက်၊ ဌဲဗုံ မရမ်းကုန်း	ဒဂုံတောင်	၇၀	၁၂၂၂/ခ	ဦးအောင်မျိုးသန့်	ဂရန်သစ်
၁၁။	ဒေါ်အယ်လ်မာအင်ဒရူ	၁၂/ရကန(နိုင်)၀၄၃၃၀၇	၄၅၄၊ ၄၅၅၊ ဝေဇယန္တာ၊ သဃ်န်းကျွန်း	သဃ်န်းကျွန်း	၁၆/စတောင်	၄၅၄၊ ၄၅၅	ဦးဇီကျော	မြေပုံကူး
၁၂။	ဦးတင်မောင်ထွန်း+၂	၁၂/စခန(နိုင်)၀၅၂၆၅၅	၄၁၊ ၁၂ လမ်း	လမ်းမတော်	၂၂ ဗိုင်၂	V ၂၉၅	ဒေါ်မြကြင်	မြေပုံကူး
၁၃။	မြင့်မြင့်ထွန်း	၁၂/ဗဟန(နိုင်)၀၀၁၂၂၆	၂၅၂၊ ၁၄ ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း	ဒဂုံအရှေ့	၁၄	၂၅၂	ဦးခင်ဝင်း	ဂရန်သစ်
၁၄။	ဒေါ်တင်တင်	၁၂/ကမတ(နိုင်)၀၄၀၁၉၂	၅၅၂၊ ကမ်းနားလမ်း	ကြည့်မြင်တိုင်	၂၅အီး	IV ၁၀	ဦးခင်အောင်+၁	အမည်ပြောင်း
၁၅။	ဒေါ်ချိုချိုတင်	၁၂/ဗဟန(နိုင်)၀၄၀၈၅၂	၁၃၊ ဗိုလ်လမ်းကျော်လမ်း ဗိုလ်မိန်းမှန်ရပ်ကွက်၊ ဗဟန်း	ဒဂုံမြောက်	၄၄	၃၁၈	ဒေါ်ဝေဝေဦး	အမည်ပြောင်း
၁၆။	ဦးဝေညွန့်+၂	၁၂/အစန(နိုင်)၀၇၈၆၄	မ/၂၈၊ ကြေးတိုင်ရာ(၁)လမ်း ပီနဲ့ကုန်း၊ အင်းစိန်	အင်းစိန်	၄	၅/c	ဒေါ်စိန်ညို+၁	အမည်ပြောင်း
၁၇။	ဒေါ်ချိုချိုဝင်း	၁၂/ကမန(နိုင်)၀၆၆၅၁၅	၆၉၆၊ မြည်တောင်ဈေးလမ်း၁၇-ရပ်ကွက်ဒဂုံမြောက်	ဒဂုံမြောက်	၃၇	၆၉၆	ဦးဝင်းမော်	အမည်ပြောင်း
၁၈။	ဒေါ်ကြည်အေး	၁၂/ဗဟန(နိုင်)၀၄၆၂၉၉	၅၃၈၊ ၃၃ တိုးချဲ့ ဒဂုံမြောက်	ဒဂုံမြောက်	၃၃ တိုးချဲ့	၅၃၈	ဦးသောင်း	ဂရန်သစ်
၁၉။	ဦးစောမူ	၁၄/သသန(နိုင်)၀၀၆၉၄၆	၂၁၊ သချိုင်းလမ်း ၄၇-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၇	၂၁	ဦးဝင်းမြင့်ထွေး	အမည်ပြောင်း
၂၀။	ဒေါ်မိမိကြီး	၁၂/ဗဟန(နိုင်)၀၁၀၀၉၉	၁၅(C) ကမ္ဘာ့ဇရိပ်သာလမ်းရွှေတောင်ကြား(၂)ရပ်ကွက်	ဗဟန်း	၃၆ J	၁၁၂/၁-၀၁	ဗိုလ်မှူးကြီးအောင်ကိုး(ငြိမ်း)	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဒေါက်တာသန်းထိုက် – ဒေါ်နုနုခင်တို့၏သား
မောင်သူရသန်းထိုက် B.E (Mechanical)YTU,
M.Sc, (Mech. Eng) NUS
Engineer, TEIJIN Polycarbonate Pte Ltd, Singapore
နှင့်
ရန်ကုန်မြို့နေ
ဦးစိုးမြင့် – ဒေါ်ခင်ရီတို့၏သမီး
မရီရီမြင့် M.C.Sc. UCSY, M.Comp, NUS

တို့ကို မိဘတို့ဝတ္တရားနှင့်အညီ ထိမ်းမြားလက်ထပ်ပြီးဖြစ်ပါ၍ ၂၆–၃–၂၀၀၄ရက်နေ့တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးခဲ့သော တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ ၂၈–၃–၂၀၀၄ရက်နေ့ Sedona Hotel ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအေးလွင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်ဝေ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဧည့်ပရိသတ်များနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သူရသန်းထိုက် – မရီရီမြင့်။

အမည်ပြောင်းခြင်း

အထက(၂)၊ ကမာရွတ်၊ ဒသမတန်း(င)မှ မထားနွဲ့ရည်(ဘ)ဦးခင်မောင်မြင့်[၁၂/ကမရ(နိုင်)၀၃၁၅၁၉] အား ယနေ့မှစ၍ မရှင်ဘုန်းမြင့်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

ရှင်ဘုန်းမြင့်။

Honey Moon

ကားမျိုးစုံငှားသည်။ လုပ်ငန်းသုံး Dyna, Canter, Suzuki pick up ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

Ph: 240832, 095018867, 287129.

ကျေးဇူးဆပ်ပါမည်

ကျွန်မ၏နိုင်ငံကူးလက်မှတ် (၂၇၂၁၉၀)ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။

မေသဇင်စိုး
ဖုန်း–၅၁၁၁၀၁။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် စ/၈၆၈၁ မော်တော်ယာဉ်အား စစ်တွေမြို့ အမှတ်(၅)မဏိပူရလမ်း၊ မကျည်းမြိုင်ရပ်ကွက်နေ ဦးမောင်န မှတ်ပုံတင်အမှတ်[၁၁/စတန(နိုင်)၀၂၅၇၈၁]မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍(၁၅)ရက်အတွင်း ကညန ပြည်နယ်ရုံး(စစ်တွေ) သို့လာရောက်ဆက်သွယ်ပါရန်။

(ကညန)ပြည်နယ်ရုံး၊ စစ်တွေမြို့။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးကျော်စိုးထွန်း (Business Representative)
Asiatic Agricultural Industries Pte.Ltd, Singapore
ဒေါ်ချိုချိုရင်(English Centre, UNITEAM MARINE LIMITED)
တို့၏သား
မောင်စိုးလင်း (2nd Mate FG)
Fleet Personnel Manager UNITEAM MARINE LIMITED, LIMASSOL CYPRUS
နှင့်
ရန်ကုန်မြို့နေ
ဦးသန့်အောင်၊ ဒေါ်သွယ်သွယ်အောင်
(THU KHI TAR DENTAL CLINIC)
တို့၏သမီး
မသွယ်သန့်သန့်အောင်

တို့အား ၂၀–၈–၂၀၀၃ရက်နေ့တွင် နှစ်ဖက်သောမိဘ၊ မောင်နှမများရှေ့တွင် စေ့စပ်ကြောင်းလမ်းပေးခဲ့ပြီးနောက် ၂၉–၄–၂၀၀၄ရက်နေ့တွင် CYPRUS နိုင်ငံ LIMASSOL မြို့တွင် လက်ထပ်ပြီးစီးကြပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စိုးလင်း–မသွယ်သန့်သန့်အောင်။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ချစ်ပါပါ **ဦးတင်ညွန့်(ခ)ဦးမောင်မောင်** [Second Officer (OW)] နှင့် ချစ်မေမေ **ဒေါ်အုန်းမြင့်(ခ)ဒေါ်ဟန်တီ** တို့၏ ၂၀၀၄ခုနှစ် မေ(၆)ရက်နေ့တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ နှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတုသို့တိုင်အောင် အချစ်ဆုံးသားနှင့် သမီးတို့နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဆင်နွှဲနိုင်ရပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သား ဖြိုးဝေပိုင် B.Sc (Zoo) Video Editor **(စိုင်းဖုန်းထူး)**
ချစ်သမီး နေယုပိုင် Final Year (Eco)- 3rd Year (CHRD)

လက်ထပ်ပြီးစီးခြင်း

မိုးညှင်းမြို့ နားခါးတောင်ရပ်ကွက် အမှတ် ၃ နေ (ဦးမြင့်ဆွေ)+ဒေါ် နှင်းရီ (ရွှေပိုးဖြူ စာပေ) တို့၏မြေးဦး ဦးဇော်လွင်+ဒေါ် မာမာဆွေ (ရွှေပိုးဖြူ ကဖေး)တို့၏ သားကြီး
စိုလ်ကြီး ပြည့်စိုး B.Sc (D.S.A)
(တပ်မတော်–ရေ) နှင့်
တောင်ငူမြို့ မင်းကြီးညိုရပ်ကွက် နန္ဒကျော်ထင်လမ်း အမှတ်(၁၁၃)နေ (ဦးတင်မိုး)+ဒေါ်ကြည်လေး တို့၏ သမီး၊ ဦးအောင်မြင့်ဦး+ဒေါ် ခင်ခင်ချို (မင်းကြီးညိုဟိုတယ်+Lucky Baby Hotel) တို့၏ ညီမ
မချောစုလှိုင် B.Sc (Botany)
LCCI -II , III တို့သည်
နှစ်ဘက်သောမိဘတို့၏ သဘောတူညီချက်အရ ၂၉–၄–၂၀၀၄ နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဘက်မိဘများနှင့်
ဗိုလ်ကြီးပြည့်စိုး+မချောစုလှိုင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၁၁၆)၊ (၃၁)လမ်းနေ
(ဦးသိန်း– ဒေါ်ကြင်မြ)နှင့်မော်လမြိုင်မြို့၊ အမှတ်(၃)၊ မြို့မတံတားလမ်း၊ စစ်ကဲကုန်းရပ်နေ(ဦးကာစန်း)–ဒေါ်စိန်ရင် တို့၏မြေး
ဦးမောင်မောင်သွင်–ဒေါ်ခင်ခင်စန်း(ပါမောက္ခ၊ ဌာနမှူး၊ ရက္ခဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)တို့၏သား
မောင်ကိုကိုနိုင် B.E(Mechanical)
(Schlumberger Logelco Inc)
နှင့်
ပဲခူးမြို့၊ မော်ကန်(၆)လမ်းနေ(ဦးညိမ်းမောင်)–ဒေါ်ခင်ကြည်တို့၏မြေး
ဦးသန်းလွင်–ဒေါ်မြင့်မြင့်တို့၏တူမ၊ ဦးမြင့်သိန်း–ဒေါ်ကြည်ကြည်မြင့် တို့၏သမီးဦး
မမြင့်သဲစုစံ B.E(Electronics)
(M.E First Semester)

တို့သည် ၂–၅–၂၀၀၄(တနင်္ဂနွေ)နေ့တွင် ရွှေဝါထွန်းဟိုတယ် ပဲခူး၌နှစ်ဖက်သောမိဘများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ကိုကိုနိုင်–မမြင့်သဲစုစံ။

ထပ်ဆင့်အကယ်ဒမီ ရုပ်ရှင်နှင့်ဗီဒီယို မဟာစွယ်ပါ ကြော်ငြာမင်းသမီးလေး

ထက်ထက်မိုးဦး (စွယ်ပါ)

119 STORE မှ မွေးနေ့လက်ဆောင်

8-5-2004 ရက်နေ့တွင် ပြုလုပ်မည့် ပြည်တော်ချစ် မဟာစွယ်ပါ ကြော်ငြာမင်းသမီးလေး ထက်ထက်မိုးဦး၏မွေးနေ့မှသည် နောက်မွေးနေ့ပေါင်းများစွာ ကျန်းမာပျော်ရွှင်ခြင်း ပြည့်စုံစွာဖြင့် ထူးချွန်သော အကယ်ဒမီဆုများ ထပ်မံဆင်မြန်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

119 STORE မိသားစု

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပင်လောင်းမြို့နေ ဦးသက်ဇင်–ဒေါ်သန်းသန်းမြင့်တို့၏သား
ဗိုလ်ကြီးရဲကျော်အောင် B.Sc(D.S.A)
တပ်မတော်(လေ)
နှင့်
ရန်ကုန်မြို့နေ ဦးစိုးညွန့်–ဒေါ်စောမြသီဂီတို့၏သမီး
မမွန်မွန်စိုးညွန့်(ခ)ကြည်စုစုသွယ်
B.C.Sc(UCSY), B.Sc(Physics)

တို့သည် ၁–၅–၂၀၀၄နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးရဲကျော်အောင်–မမွန်မွန်စိုးညွန့်(ခ)ကြည်စုစုသွယ်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြောင်းမြမြို့နေ
ဦးလှမြင့်(ဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မြောင်းမြ) – ဒေါ်လှရင် တို့၏သားငယ်၊ ဦးစန်းလွင်(မြို့နယ်ဦးစီးအရာရှိ၊ ဆိပ်ဆိုင်မြို့နယ်သစ်တောဦးစီးဌာန)၏ညီ
မောင်ကျော်ဇင်လတ် B.Sc(Hons)(Zool)
I.D.C.S (U.K)
(International Diploma of Computer Study)
နှင့်
ပုသိမ်မြို့နေ
ဦးသန်းထွန်း(သင်္ချာဌာနမှူး၊ GTC ပုသိမ်) – ဒေါ်သက်ရီတို့၏သမီးကြီး
မအိငြိမ်းချမ်း B.A(Eng) (Third Year)

တို့အား ၂၀၀၄ခုနှစ် ဧပြီလ ၂၆ရက်နေ့တွင် နှစ်ဖက်သောမိဘများ၏ ခွင့်ပြုချက်အရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်ဇင်လတ်–မအိငြိမ်းချမ်း။

အိမ်မက်ထဲက ကောင်မလေး...သို့ သတိတရ...

မောင်လှမျိုး (ချင်းချောင်းမြို့)
(အလွမ်းသစ်စဉ်)
သမုဒယပြဒ္ဒါန်းချက်
ဇိနိသရုပ္ပကာပေ
အမှတ်–၇၂ ၂၃–လမ်း လသာမြို့နယ် ရန်ကုန်မြို့
ထွက်ပြီ

အမြန်ရောင်းရန်

၆မိုင်ခွဲမှာရုံလမ်း၊ 2RC 53'x 70' ဘိုးဘွား ရေ၊ မီး၊ ဖုန်း ညှိနှိုင်း၊ ပွဲစားမလို။

Ph: 291456, 527352

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဒလမြို့၊ ဆိပ်ကမ်းရှိ လူနေဆိုင်ခန်း နှစ်ခန်းတွဲ (I-1/2)ရေ၊ မီးစုံ ထပ်ခိုးပါ။ H-4/5 နှစ်ခန်းတွဲ

ဆက်သွယ်ရန်–၅၁၁၄၁၃၊ ၅၄၀၅၀၀။

"ပြည်တွင်း၌ကျပ်ငွေဖြင့် အလုပ်လုပ်ကိုင်လိုသူများ အမြန်အလိုရှိသည်။"

		ကျား	မ
၁။ Duty Manager	– ဘွဲ့ရ / ဟိုတယ်အုပ်ချုပ်မှုကျွမ်းကျင်	၂	–
၂။ စာရင်းစစ်(ကျွမ်းကျင်မှုဦးစီးစစ်ဆေးနိုင်သူ)	– B.Com, B.Ecom, B.A (Eco),D.A	၂	၂
၃။ စာရင်းကိုင်(ကျွမ်းကျင်မှုဦးစီးလုပ်ကိုင်နိုင်သူ)	– B.Com, B.Ecom, B.A (Eco),D.A	၂	၂
၄။ ငွေကိုင်စာရေး(ကျွမ်းကျင်)	– ဘွဲ့ရ / စာရင်းအခြေခံနားလည်သူ	–	၃
၅။ အငယ်တန်းစာရေး(ကျွမ်းကျင်)	– ဘွဲ့ရ / ကွန်ပြူတာ + ရုံးလုပ်ငန်းကျွမ်းကျင်	၁	–
၆။ Room Sales Checker	– ဘွဲ့ရ / စာရင်းအခြေခံနားလည်သူ	၃	–
၇။ F/O Sales Receptionist (ကျွမ်းကျင်)	– ဘွဲ့ရ / စာရင်းအခြေခံနားလည်သူ	–	၈
၈။ ကြီးကြပ်ရေးမှူး (H/K) (ကျွမ်းကျင်)	– ဘွဲ့ရ	–	၂
၉။ အိပ်ခန်းဆောင်သန့်ရှင်းရေး	– အထက်တန်းအဆင့်	–	၁၄
၁၀။ Sales Checker (F&B)	– ဘွဲ့ရ / စာရင်းအခြေခံနားလည်သူ	၂	၂
၁၁။ အရောင်းစာရေး (F&B Sales Counter)	– ဘွဲ့ရ / လုပ်ငန်းကျွမ်းကျင်	–	၄
၁၂။ စားပွဲထိုး	– အထက်တန်းအဆင့်	၆	–
၁၃။ အကြော်ဆရာ	– တရုတ်အစားအစာချက်ပြုတ်ကျွမ်းကျင်	၄	–
၁၄။ စားဖိုအကူ	– အဆင့်မြင့်ဆိုင်ကြီးများတွင်လုပ်ကိုင်ဖူးသူ	၆	–
၁၅။ ယာဉ်မောင်း(လိုင်စင်အနီ)	– လုပ်ငန်းခွင်တွင်နေ့/ညနေထိုင်နိုင်သူဦးစားပေးမည်။	၂	–
၁၆။ လုံခြုံရေးမှူး	– ဘွဲ့ရ (လုံခြုံရေးအဖွဲ့ကိုစီမံကွပ်ကဲနိုင်သူ)	၂	–
၁၇။ လုံခြုံရေး	– အထက်တန်းအဆင့်(ကျန်းမာသန်စွမ်းသူ)	၈	–
၁၈။ ဥယျာဉ်လုပ်သား	– ဥယျာဉ်ထိန်းသိမ်းမှုလုပ်ငန်းလုပ်ကိုင်ဖူးသူ	၃	–

လျှောက်ထားရန်နေရာ "ရတနာ့ရွှေစင်းသာဟိုတယ်" (အသေးစိတ်ကြော်ငြာထားပါမည်။)
(အလုပ်သမားမှတ်ပုံတင်ယူလာရန်)ရွှေစင်းသာလမ်းရွှေစင်းသာအပန်းဖြေဥယျာဉ်အနီးသာကေတမြို့နယ်။

Imperial Fruit Group မှ ကြီးမှူးစွင့်လှစ်သည်။

သစ်သီးယို & ဖျော်ရည် မျိုးစုံ သင်တန်း(မန္တလေး)

(နိုင်ငံတကာအဆင့်မြင့် နည်းပညာ) 10-5-2004 မှ 16-4-2004 ထိ
သင်တန်းနေရာ-No.(168) ၃၅လမ်း ၈၁နှင့်၈၂လမ်းကြား (နိုင်ငံခြားဘာသာ...) ဖုန်း- ၃၈၄၄၄၄ , ၆၆၆၆၃၂ , ၀၉ ၂၀၀ ၃၈၅၇၉
(20-5-2004 မှ 26-5-2004) ထိ မုံရွာမြို့တွင်ဆက်လက်ဖွင့်လှစ်ပါမည်။

ချယ်ရီ အမျိုးသမီး အပ်ချုပ်သင်တန်း

ဂျပန်ပြည်ရှိ ဆူဂျင်နိုကောလိပ် (Sugino College of Dress Marking)မှ သင်ကြားပေးသည့် နည်းအတိုင်း သိပ္ပံနည်းကျကျဖြင့် သင်ကြားပေးနေပါသည်။

ဗုဒ္ဓဟူး–တနင်္ဂနွေ သင်တန်းဖွင့်ပြီ

အမှတ်–၁၉၄၊ လမ်း(၅၀)၊ ရန်ကုန်၊ ဖုန်း–၂၉၇၃၅၄။

မင်္ဂလာဆုတောင်း

မောင်ဖြိုးသူမောင်နှင့် မကြည်ပြာဝင်းနိုင်တို့သည်(၅-၅-၂၀၀၄) နေ့မှစ၍ ဘဝလမ်းခရီးတလျှောက် သာယာဖြောင့်ဖြူး၍၊ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပြီး လိုအင်ဆန္ဒများ ပြည့်ဝနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါသည်။

အဖွား-ဒေါ်မြအေး
မေကြီး-ဦးခင်မောင်(ဗဟိုတရားရုံးရှေ့နေ၊ အားသစ်ကျူရှင်)
အစ်မကြီး-ဒေါ်ဝင့်သူသူမောင်+ဦးကျော်လှိုင်(စေတနာစာပေ)
အစ်ကိုကြီး-မြို့ဝေမောင်(SAINT JOHN UNIVERSITY,THAILAND)
ညီလေး-ပြည့်မြို့မောင်(ဆေးတက္ကသိုလ်(၁)ရန်ကုန်)
ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီးနှင့် ဒေါ်လေးများ
-ကိုလတ်+မဝါ၊ ဇင်မာ၊ သင်းမြတ်၊ အေးမြတ်၊ ဝင့်ဝါ၊ ရန်အောင်၊ ရွှန်းလဲ့၊ မိုးလပြည့်

မြေအမြန်ရောင်းမည်

တောင်ဥက္ကလာပ (၇)ရပ်ကွက်၊ သုမင်္ဂလာလမ်းမကြီးပေါ် နန္ဒဝန်ဈေးအနီး၊ ပေ၂၀ x ပေ၆၀၊ နှစ်(၆၀) ဂရန်မြေ။

ဖုန်း–၅၆၂၁၀၂။

ရောင်း/ကားနှင့်လဲမည်

အမှတ်–၈၊ လှည်းတန်း(၆)လမ်း၊ (ဈေးကျောင်းနီး) 25'x 50'၊ တစ်ထပ်အိမ်၊ ရေ၊ မီးစုံ၊ နှစ်(၆၀)ဂရန် ရောင်း/ Sloon ဖြင့်လဲ၊ နေရာကောင်း၊ ဝန်းကျင်သန့်။

